# ပတ္တမြားခင်

## ကင်မရာကိုင်ခဲ့ရသော ကျွန်မဘဝ



mgyone.com

mgyoe.com SAMPLE BOOK



K0272

mgyoe.com

mgyoe.com SAMPLE BOOK

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ခင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ပထမအကြိမ် - နိုဝင်ဘာလ၊ ၂၀၁၆ ခုနှစ်။ ကံ့ကော်ဝတ်ရည်စာပေ။
အုပ်ရေ - ၁၀၀၀
မျက်နှာဖုံးပုံနှိပ် - အောင်သိန်းသန်းပုံနှိပ်တိုက်(၀၀၄၃၅)
အမှတ်-၁၃၈၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
အတွင်းပုံနှိပ် - စွယ်တော်ပုံနှိပ်တိုက်(၀၀၄၁၁)
အမှတ် (၁၄၇)၊ (၅၁) လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံး - ကိုကိုနိုင်
တန်ဖိုး - ၄၀၁၀ ကျပ်

mgyoe.com

mgyoe.com SAMPLE BOOK

ပတ္တမြားခင်

# ကင်မရာကိုင်ခဲ့ရသော
# ကျွန်မဘဝ

ကံ့ကော်ဝတ်ရည်စာပေ
အမှတ်-၂၂၊ မဟာဓေယျလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁ ၈၆၁၀၇၄၄၊ ၀၉ ၂၅၀၀၁၂၃၄၈ ၊ ၀၉ ၇၃၀ ၄၁၁၃၇
email: kantkawwutyee@gmail.com
http://kantkawwutyee.myanmaronlinesales.com
တွင် ဝင်ရောက်ကြည့်ရှု မှာယူနိုင်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

မဟေသီမဂ္ဂဇင်း ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိကဏ္ဍတွင် ၁၉၉၄ ခုနှစ်၊ ဇွန်လမှ ၁၉၉၆ ခုနှစ် ဧပြီလထိ လဆက်ပါဝင်ခဲ့သော ဆောင်းပါးများအား ပြန်လည်စုစည်းဖော်ပြခြင်းဖြစ်သည်။

အတ္ထုပ္ပတ္တိစာပေသည် ဟိုယခင် အတိတ်ကာလတစ်ခုဌ် မြန်မာပြည်တွင် ခေတ်မစားခဲ့။ ရဟန်း ပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်တို့ ပျံလွန်၊ ကွယ်လွန်သောအခါမှ ထိုထို ပုဂ္ဂိုလ်တို့၏ အကြောင်းကို စာအုပ်ငယ်များ ရေးသားပြုစု ထုတ်ဝေကမ်းလှမ်းတတ်သောကြောင့် သက်ဆိုင်ရာ ကာယကံရှင်တို့သည် သူတို့၏ အတ္ထုပ္ပတ္တိကို မပျံလွန်မီ၊ မကွယ်လွန်မီ ရေးသားခြင်းကို အလိုမရှိတတ်ကြ။

နောင်အခါတွင် နိုင်ငံတကာစာပေ အသိုက်အဝန်းနှင့် ထိတွေ့ကျွမ်းဝင်လာမှ အတ္ထုပ္ပတ္တိစာပေ၏ အနှစ်သာရ သဘာဝကို ကျကျနန နားလည်သိမြင်လာကြပြီး မြန်မာနိုင်ငံတွင် အတ္ထုပ္ပတ္တိစာပေ တစ်စ တစ်စ ဖွံ့ဖြိုးလာပေရာ ယနေ့ဆိုလျှင် ထိပ်တန်းတစ်နေရာဌ်ပင် ရပ်တည်နေပြီဟု ဆိုရမည်ဖြစ်ပါသည်။

ယခု ဆရာမကြီး 'ပတ္တမြားခင်' ၏ စာများသည် သူ့သဘာဝ၊ သူ့အကြောင်း၊ သူ့အတ္ထုပ္ပတ္တိကို ပွင့်ပွင့်လင်းလင်းရေးသားထားသော အကြောင်းအရာများဖြစ်ပေရာ ထိပ်တန်းစာရင်းဝင် စာပေလက်ရာတစ်ခု ဟူ၍ပင် ဆိုရမည်ဖြစ်ပါသည်။

mgyoe.com

ဆရာမကြီး'ပတ္တမြားခင်'သည် သူ့ဘဝ သူ့အတွေ့အကြုံများကို ရေးသားရာ၌ ဘွားအေကြီးတစ်ဦးက မြေးကလေး၊ မြစ်ကလေးများကို နွေးနွေးထွေးထွေး ပွေ့ပိုက်၍ ရှေးဟောင်းနှောင်းဖြစ် ပြောပြသလို ပေါ့ပေါ့ပါးပါး သွက်သွက်လက်လက် ပြောပြသွား၊ ရေးပြသွားသည်မှာ စာမူကြမ်းကြီး ဘဝမှာပင် လက်ကမချချင်လောက်အောင် စာဖတ်သူအား ညှို့ငင် ဆွဲဆောင်သွားနိုင်ကြောင်းကိုလည်း ပြောပြလိုပါသည်။

(ကုံကော်ဝတ်ရည်မှ ထုတ်ဝေပြီးသော'အတိတ်လမ်းကို ပြန်လျှောက်ခြင်း'တွင်လည်း တွေ့မြင်နိုင်သည်။)

လွန်လေပြီးသော နှစ်ပေါင်း နှစ်ဆယ်ကျော်တွင် ရေးသားခဲ့သော ဤစာများကို ယခုမှပင် ပိုက်ပိုက်ထုပ်ထုပ် စာတစ်အုပ်အနေဖြင့် စီစဉ်ထုတ်ဝေခွင့်ရသည်ကိုပင် နောက်ကျလှပြီကောဟု နှမြောမိကြောင်းကိုလည်း ပြောပြရင်း စာဖတ်သူများလက်ဝယ်သို့ ဤစာအုပ်ကို နှင်းအပ်လိုက်ရပါတော့သည်။

ကုံကော်ဝတ်ရည်

mgyoe.com

mgyoe.com SAMPLE BOOK

## ဓာတ်ပုံရှူးကလေး ကျွန်မ အစက ဒီလိုပါ

မြတ်ကြေးမုံမဂ္ဂဇင်းထဲမှာ 'သန္တာစမ်းမှ အလွမ်းစာဆောင်းပါးရှင်၏ အလျှ' ဆိုပြီး စာရေးသူ စိန်ရွှေလှိုင်က ဆောင်းပါးတစ်ပုဒ်ရေးလိုက်တာ ဖတ်လိုက်ရပါတယ်။ အဲဒီဆောင်းပါးထဲမှာ ဘိုးတော်ဘုရားလက်ထက်က ရိုက်ထားတဲ့ ရှေးသရောအခါက ကျွန်မရဲ့ ဓာတ်ပုံနဲ့ အောက်ကလည်း 'တစ်ခါက ဓာတ်ပုံဘုရင်မကြီး' လို့ တင်စားလိုက်တာကို တွေ့ရတော့ ရင်ထဲမှာ ကြည်နူးမှုများစွာ၊ ပီတိများစွာနဲ့ လှိုက်ခါသွားရပါတယ်။

ကိုယ့်ကို ချီးမြှောက် ဂုဏ်ပြုခံရသလို ဘဝင်မြင့်ချင်စရာကြီး ဖြစ်သွားမိပါသေးတယ်။ အဲဒီအချိန်မှာ အောင်မြင်မှုရခဲ့ခြင်းကလည်း အချိန်အခါရဲ့ တိုက်ဆိုင်မှုနဲ့ ကုသိုလ်ကံပေးခဲ့လို့သာ ဖြစ်တာပါ။ တော်လို့၊ တတ်လို့ မဟုတ်ဘူးဆိုတာ သေချာလို့ပါပဲ။

ကျွန်မ လုပ်ငန်းစခဲ့ပုံကို ပြန်တွေးကြည့်တော့ တစ်ယောက်တည်းထိုင်ရယ်ဖြစ်ပါသေးတယ်။ တစ်ခုတော့ ရှိရဲ့ပေါ့။ ဝါသနာကြီးလွန်းတာရယ်၊ ကြိုးစားမှုရယ် ပေါင်းစပ်လိုက်တာက တွန်းအားတစ်ခုလို ဖြစ်သွားစေခြင်းပါပဲ။

ကျွန်မရဲ့ ဓာတ်ပုံဝါသနာမျိုးစေ့က ကျွန်မရဲ့ မိခင်ဆီက ရတယ်လို့ ထင်ပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်မမိခင်က ကျွန်မငယ်ငယ် မွေးကင်းစ

mgyoe.com

mgyoe.com


အရွယ်ကနေပြီး ကြီးပြင်းလာတဲ့အထိ ကျွန်မကို ဓာတ်ပုံပေါင်းများစွာ ရိုက်ပေး ထားပြီး စုဆောင်းထားတဲ့ ဓာတ်ပုံစာအုပ် အယ်လ်ဘမ်ကြီးကို လက်ညှိုးထိုး သက်သေပြရမလို ဖြစ်နေပါတယ်။

ကျွန်မ ငယ်ငယ်ကတည်းက မှောက်နေတဲ့ပုံ၊ လေးဖက်တွားနေတဲ့ပုံ၊ ထိုင်နေပုံ၊ မတ်တတ်စမ်းနေတဲ့ပုံ စတဲ့ ကလေးတွေရဲ့ တိုးတက်ပြောင်းလဲမှု အဆင့် ဆင့်ကို မှတ်တမ်းတင်ထားသလို ရိုက်ထားတာမျိုးပါ။ မာမီက သူကိုယ်တိုင် ကင်မရာကိုင် ရိုက်ခဲ့တာ မဟုတ်ဘူး။ ဓာတ်ပုံဆိုင်မှာ တကူးတက သွားရိုက် ထားတဲ့ပုံတွေချည်း ဖြစ်ပါတယ်။ မာမီ့ဆီက ဓာတ်ပုံဝါသနာကို ရလာတဲ့ ကျွန်မက ကင်မရာကိုင်ချင်လာတယ်။ ကိုယ်တိုင်ရိုက်ချင်လာတယ်။ မှတ်မှတ် ရရ ကျွန်မ ၁၀ နှစ်ပြည့်မွေးနေ့မှာ 'မွေးနေ့လက်ဆောင် ဘာလိုချင်လဲ' လို့ကျွန်မ ကို မေးတော့ 'ကင်မရာ လိုချင်တယ်' လို့ ဖြေလိုက်ပါတယ်။

ကျွန်မ ပထမဆုံး ကိုင်ခွင့်ရတဲ့ ကင်မရာက Box Camera ခေါ်တဲ့ သေတ္တာပုံးလေးလို ကင်မရာမျိုးပါ။ အမျိုးအစားက အဲဒီခေတ်အခါက နာမည်ကြီးတဲ့ Brownie ပါ။

Box ကင်မရာဆိုတော့ အလင်းရောင်ရှိတဲ့ အပြင်ဘက်မှာ နေရောင် ကို အားကိုးပြီး ရိုက်လို့ရတာမျိုးပါ။ အိမ်တွင်းမှာ ရိုက်လို့ရလောက်အောင် မှန်ဘီလူးအား မကောင်းပါဘူး။ ခုခေတ်မှာလို လျှပ်တစ်ပြက်မီး Flash ဆိုတာ မျိုးလည်း မပေါ်သေးပါဘူး။ ဒီတော့ အပြင်က နေရောင်နဲ့ပဲ ရိုက်ရပါတယ်။ ကျွန်မရဲ့မိုဒယ်ကတော့ အဲဒီ အချိန်မှာ ကျွန်မ မွေးထားတဲ့ ကချင်ခွေးလေး 'နက်ပါ'ဖြစ်ပါတယ်။ ကျွန်တဲ့ အိမ်က မိသားစုကတော့ ဓာတ်ပုံအရိုက်ခံဖို့အရေး တောင်းတောင်းပန်ပန် လုပ်တာတောင် 'ရှုပ်လိုက်တာဟယ်၊ သွားစမ်းပါ' လို့ မောင်းထုတ်ပြီး ဘယ်သူကမှ အထင်တကြီးနဲ့ အရိုက်မခံကြလို့ 'နက်ပါ' ကိုပဲ ထန်းလျက်ခဲကျွေးပြီး 'ဒီလိုနေ'၊ 'ဒီလိုအိပ်' နဲ့ ချော့မော့ပြီး ရိုက်ရတော့တာပေါ့။ ဖလင်တစ်လိပ်ကုန်ရင်လည်း 'နက်ပါ'ပုံ မြောက်မြားစွာကို ထိုင်ကြည့်ပြီး ပီတိတွေဖြစ်။ 'နက်ပါ'ကိုလည်းသွားပြ ရသေး တယ်။ 'ဟော့-နက်ပါ ကြည့်၊ နင့်ပုံ ဘယ်လောက်လှလဲ'ပေါ့။ ဒီလိုနဲ့ ရသမျှမုန့်ဖိုး ဖလင်လိပ်ဝယ်၊ ဓာတ်ပုံကူး ရတာနဲ့ ပတ်ချာလည်နေတော့တယ်။ ဓာတ်ပုံနဲ့ပတ်သက်လို့ ဆိုရိုးစကား တစ်ခု ရှိတာယ် မဟုတ်လား။

mgyoe.com

mgyoe.com SAMPLE BOOK

'လူ တစ်ယောက်ကို အမြင်ကတ်ရင် ကင်မရာတစ်လုံးသာ ဝယ်ပေးလိုက်'တဲ့။ 'ဖွတ်တက်တာထက်ဆိုးပြီး မွဲသွားစေမယ်' တဲ့။

ဟုတ်ပါ့။

ဖွတ်ကမှ တဖြည်းဖြည်းချင်း တွားပြီးလာနေရလို့ နှေးကောင်း နှေးဦးမယ်။ ကင်မရာကတော့ တဖျပ်ဖျပ်နဲ့ ခလုတ်ကလေးနှိပ်လိုက်တာ နဲ့ ၁၂ ပုံ ပါတဲ့ ဖလင် တစ်လိပ်က ကုန်သွားရော။ ဆေးဖို့၊ ကူးဖို့ ဆိုင်မှာ သွားအပ်ရင်လည်း တရင်းတနှီးပေးရတာ။ ဒါနဲ့



မိခင်ဒေါ်ခင်ခင်မေ

ပြီးသေးလား ဆိုတော့လည်း မဟုတ်ပေါင်။ ကြိုက်တော့ ပြန်ပြီး ကူးရ၊ မကြိုက်တော့ မကျေနပ်လို့ ထပ်ပြီး ရိုက်ရ။ ဂျာအေး သူ့အမေရိုက်တဲ့ ဝါသနာမျိုးဆိုတော့ ငွေအိုးနဲ့ နောက်ကလိုက်နေရမယ့် အဖြစ်မျိုးလေ။ ကိုယ်ကလည်း ၁၂ နှစ် သမီးဆိုတော့ မုန့်ဖိုးကလည်း များများစားစား ရတာမဟုတ်။ တစ်နေ့မှ တစ်ပဲလေးပြားသော အသပြာနဲ့ ကင်မရာကိုင်ချင်မိတဲ့အတွက် စိတ်ညစ်ရတာလည်း အခါခါ။

ကံကောင်းထောက်မချင်တော့ အပြောင်းအလဲတစ်ခုက ဖြစ်လာပါတယ်။ အိမ်က လူကြီးများက ကျွန်မရဲ့အဒေါ် ခင်ခင်လှကို အချိန်တန်အရွယ်ရောက်ပြီဆိုပြီး နေရာချဖို့ စီစဉ်ကြတယ်။ တောင်တွင်းကြီးမှာနေတဲ့ ကျွန်မတို့ရဲ့ ဦးလေးဝမ်းကွဲ ဦးအေးမောင်နဲ့ပါ။ ကျွန်မနဲ့ အဒေါ် ခင်ခင်လှ၊ ကျွန်မအခေါ် အန်တီလေးနဲ့က တူဝရီး ဆိုပေမယ့် အသက်က ၁၀ နှစ်ပဲကွာတာမို့ ညီအစ်မလို ဖြစ်နေကြတာ။ တစ်ခန်းတည်း၊ တစ်ခုတင်တည်းမှာ အတူအိပ်ပေါ့။

'နင့်အန်တီလေး လက်ထပ်တော့မှာ၊ လက်ထပ်ပြီးရင် တောင်တွင်းကြီးကို လိုက်သွားရမှာ'လို့ ဘွားလေးက ကျွန်မကို ခေါ်ပြောတဲ့နေ့က-

mgyoe.com

mgyoe.com

‘အန်တီလေး လက်မထပ်ရဘူး၊ အန်ကယ်လ်အေးနောက်လည်း လိုက်မသွားရဘူး’ ဆိုပြီး ကျွန်မ အော်ဟစ်ပြီး ငိုလိုက်ရတာ။

အန်ကယ်အေး တောင်တွင်းကြီးကနေ ရောက်လာတော့လည်း ကျွန်မ သူ့ကို ကြည့်မရဘူးပေါ့။ ‘ငါ့အန်တီလေးကို ခေါ်သွားမယ့်လူကြီး’ ဆိုပြီး ရန်လုပ်နေမိတယ်။ ‘အန်ကယ်အေး’ ကလည်း လူပါး။ ကျွန်မ ရန်လိုနေမှန်းသိတော့ ကျွန်မကို ချော့တယ်ပေါ့။ ကျွန်မကြိုက်တဲ့ ချောကလက်ပြားတွေ ဝယ်ကျွေး၊ သကြားလုံးတွေ လာပေးလည်း မရ။ အန်တီလေးကပါ သူ မယူရသေးတဲ့ သတို့သားလောင်းဘက်က လိုက်ပြီး ကျွန်မ အလှအပကြိုက်မှန်းသိလို့ အဲဒီ အချိန်က ခေတ်စားတဲ့ ပိုးတွန့်စ ရောင်စုံတွေနဲ့ ဂါဝန်လှလှလေးတွေ ဇာနားကပ် ချုပ်ပေးပြီး လာဘ်ထိုးလည်း ကျွန်မက မကျေနပ်နိုင်။

‘ငါ့တူမက ဓာတ်ပုံရိုက် သိပ်ကောင်းတာပဲဆို၊ နက်ပါ့ပုံတွေ အများကြီးရှိတယ်ဟုတ်လား၊ အန်ကယ့်လ်ကို ပြစမ်းပါဦး’ ဆိုတော့ ကျွန်မ မျက်စောင်းခဲထားတဲ့ကြားက ရင်ထဲမှာ ကျေနပ်သလိုလိုဖြစ်လာပြီး မြှောက်ပြောတာကို အဟုတ်ထင် ဓာတ်ပုံတွေကို ထုတ်ပြမိတယ်။

‘ဟုတ်သားပဲ၊ ကြည့်စမ်း၊ ငါ့တူမ အဲဒီလောက် တော်နေမှန်း အန်ကယ်လ် မသိဘူး၊ အန်ကယ်လ်ကလည်း ဓာတ်ပုံရိုက် သိပ်ဝါသနာပါတာ၊ ငါ့တူမကို ဒီ့ထက် ကောင်းတဲ့ ကင်မရာလည်း ဝယ်ပေးမယ်၊ ဖလင်လိပ်တွေလည်း ဝယ်ပေးမယ်၊ လာ ဓာတ်ပုံဆိုင် သွားရအောင် အဝတ်လဲ’ ဆိုတော့ ကျွန်မ ဝေါက်ခနဲ ထပြီး အမြင်ကတ်ပါတယ်ဆိုတဲ့ အန်ကယ်လ်အေးနောက်ကို ကောက်ကောက်ပါအောင် လိုက်တော့တာပဲ။

အန်ကယ်လ်အေးက ကျွန်မအတွက် ဖလင် တစ်ဒါဇင်၊ ကင်မရာက တစ်လုံး ဝယ်ပေးပြီး ပြန်လာတော့ ‘အန်ကယ်အေး’ မှ ‘အန်ကယ်အေး’ ဖြစ်သွားပြီလေ။ ချစ်လှစွာသော အဒေါ်တစ်ယောက်လုံးကို ကင်မရာတစ်လုံးနဲ့ လဲလိုက်နိုင်အောင် ဖြစ်သွားတဲ့ ဝါသနာမျိုးစေ့ကိုလည်း ကိုယ့်ဟာကိုယ် အဲဒီအချိန်က နားမလည်လိုက်သေးပါဘူး။ ကျွန်မဝါသနာကို ဖူးပွင့်လာအောင် ရေလောင်းပေါင်းသင်ပေးသူကတော့ ‘အန်ကယ်အေး’ ပါပဲ။

အန်ကယ်အေးက သူဌေးသား။ သုံးနိုင် ဖြုန်းနိုင်တယ်။ ဓာတ်ပုံလည်း ဝါသနာပါတယ်။ အချိန်လည်းပေးနိုင်တယ်။ ကင်မရာတစ်လုံးနဲ့ လယ်ကွင်း

mgyoe.com

ထဲ တစ်နေကုန်ထိုင်စောင့်ပြီး နွားနှစ်ကောင်ဝှေ့နေတဲ့ပုံတို့၊ သစ်ကိုင်းပေါ်မှာ ငှက်မောင်နှံ ချစ်တဲ့လှယ်နေတဲ့ပုံတို့၊ ငှက်သိုက်ထဲက ငှက်သားလေးကို ငှက်အမေကြီးက အစာခွံ့နေတဲ့ပုံတို့ကို စိတ်ရှည်လက်ရှည်နဲ့ စောင့်ပြီး ရိုက်တာမျိုး။ ကျွန်မကိုလည်း ကင်မရာကို ဘယ်လိုချိန်နည်း ကိုင်နည်း သုံးနည်းတွေ လက်တွေ့ သင်ပေးပါတယ်။ ပုံဆေးပုံကူးကိုလည်း ညညကျမှ တစ်ခန်းလုံးမှောင်နေအောင် အလုံပိတ်ထားတဲ့ ယာယီအမှောင်ခန်းထဲ ခေါ်သွားပြီး ပြပေးတယ်။

ကိုယ်ရိုက်ထားတဲ့ပုံလေး ကူးလိုက်လို့ ပုံကူးစက္ကူပေါ်မှာ အဖြူ အမည်း ပေါ်လာရင်ပဲ ဟုတ်လှပြီဆိုပြီး ကျေနပ်ပီတိတွေဖြစ်လို့။ တစ်ခါတစ်လေ ချုပ်ဆေး မထည့်သေးဘဲ ကိုယ့်ပုံကို အကြည့်ကောင်းနေတာ ကြာသွားလို့ ပျက်ရတာလည်း အခါခါကြုံရသေးရဲ့။

အန်ကယ်အေးက သူ ရိုက်ထားတဲ့ပုံတွေကို ပြိုင်ပွဲလည်းဝင်တယ်။ ဆုတွေ ဘာတွေရတဲ့အခါ ကျွန်မတို့ တူဝရီးနှစ်ယောက် ပျော်လိုက်ကြတဲ့အမျိုး။ အန်ကယ်အေးက လူပုံတွေကို ရိုက်တာ မကြိုက်ဘူး။ သဘာဝပုံတွေကို ရိုက်တာ ဝါသနာပါတယ်။ ကျွန်မက အဲဒီလိုပုံကောင်းလေးတစ်ခုရဖို့ တစ်နေကုန် ထိုင်စောင့်နေရတာကို ပျင်းတယ်။ မိန်းကလေးလှလှလေးတွေကို ရွေးပြီးရိုက်ချင်တယ်။ ဒီနေရာမှာ ဓာတ်ပုံဝါသနာတူတာချင်း ဖြစ်ပေမယ့် အခြေခံချင်းကွာသွားရ ပြန်ပါရော။

အန်ကယ်အေးနဲ့ကလည်း အမြဲတမ်း အတူနေရတာ မဟုတ်ဘူး။ တစ်ခါ တစ်ခါမှ တွေ့ရဆုံရတာ။ ကျွန်မ နွေကျောင်းပိတ်တဲ့အခါ တောင်တွင်းကြီးကို သွားပြီး လည်မှ။ ဒါမှမဟုတ် အန်ကယ်အေးတို့က တောင်တွင်းကြီးဈေးထဲမှာ ရွှေဆိုင်တွေ၊ အထည်ဆိုင်တွေရှိတော့ မန္တလေးကို ကုန်ဝယ်တက်လာတဲ့အခါမျိုးမှ ကြုံရ ဆုံရတာ။

အန်ကယ်လ်အေး တစ်ခေါက် တစ်ခေါက် ရောက်လာပြီဆိုရင် အလိုလိုက်မှန်းသိလို့ ဟိုအချိန်က နာမည်ကြီးတဲ့ ရိုးကုမ္ပဏီတို့၊ ဓာတ်ပုံပစ္စည်းရောင်းတဲ့ အဟူဂျာတို့ကို တရွတ်ဆွဲခေါ်သွား။ လိုချင်တာမှန်သမျှ လက်ညှိုးထိုးပြီး ပူဆာတော့တာပဲလေ။ အန်ကယ်လ်အေးကလည်း ကျွန်မကို တူမပေမယ့် သူတို့မှာ သားသမီး မထွန်းကားတော့ သမီးလေးတစ်ယောက်လို ချစ်တာမို့ မတွက်မဆ ပူဆာသမျှ အကုန်ဝယ်ပေးတာပါပဲ။

ရယ်စရာတစ်ခု ကြုံရဖူးတာကိုလည်း ပြောပြရဦးမယ်။ ကျွန်မက အပျိုဖော်ဝင်လို့ ၁၆ နှစ်နီးပါးလောက် ရှိနေပါပြီ။ အန်ကယ်လ်အေးလာတယ်

mgyoe.com

mgyoe.com

ဆိုရင် လိုတာမှန်သမျှ တေးထားပြီး ဈေးဝယ်ဖို့ပဲ စိတ်စောနေတာမို့ အန်ကယ်အေးကို ရိုးကုမ္ပဏီ ခေါ်သွားပြီး ဈေးဝယ်ကြပါတယ်။ ကျွန်မကလည်း အကောင်းကြိုက်ဆိုတော့ ရိုးကုမ္ပဏီမှာမှ ရောင်းတဲ့ ခရေ့စ္စလီ စာရေးစက္ကူနဲ့ စာအိတ်ဘူးတို့၊ ဖလင်လိပ်တို့၊ ဓာတ်ပုံထည့်တဲ့ အယ်လ်ဘမ်တို့အပြင် အမျိုးသမီးများ သန့်ရှင်းရေး အတွက်လိုအပ်တဲ့ Kotex ဘူးကအစ ဝယ်တာပေါ့။ စာရေးစက္ကူတို့ ဓါတ်ပုံအယ်လ်ဘမ် တို့ ဝယ်တာတော့ ဘာမှမပြောဘဲ Kotex ဘူးပေါ်က 12 Towels လို့ အရေအတွက် ဖော်ပြထားတာကိုဖတ်ပြီး -

'ညည်းကလည်း မျက်နှာသုတ်ပဝါ တစ်ဒါဇင်တောင် ဘာလုပ်ဖို့ ဝယ်ရတာလဲ၊ များလှချည်လား'တဲ့။

ကျွန်မမှာ ရှင်းပြဖို့ကလည်း ဦးလေးဖြစ်နေတော့ အခက်။

'ဟာ-အန်ကယ်လ်အေး ခေတ်မမီသေးပါဘူး၊ အိမ်ကျမှ အန်တီလေးကို မေးကြည့်'လို့ ရယ်ရယ်မောမောလုပ်ရင်း လျှောချလိုက်ရပါတယ်။ သူက Towels ဆိုတာနဲ့ မျက်နှာသုတ်စရာပစ္စည်းလို့ တွေးထင်မှတ်တယ် ထင်ပါရဲ့။

ကျွန်မ ၁၆ နှစ်ပြည့်တဲ့မွေးနေ့မှာ အန်ကယ်အေးက အဖိုးတန် ဂျာမနီ ပြည်လုပ် သူသုံးနေတဲ့ လိုက်ကာကင်မရာကို ယူတော့ဆိုပြီး အမွေပေးပါတယ်။ ထိုက်ထိုက်တန်တန်ကင်မရာမျိုးကို ကိုင်ရပြီဆိုတော့ ကျွန်မ အတော်ကို ဘဝင်မြင့်ချင်သွားပါတယ်။ ဒါပေမဲ့ မျောက် အုန်းသီးရသလို အဖြစ်ပါပဲ။

စစချင်း ကိုင်ခဲ့ရတဲ့ Box ကင်မရာကတော့ အလွယ်ကူဆုံးပဲပေါ့။ ဘာမှ လုပ်နေစရာ မလိုဘူး။ အိမ်တွင်းမှာ ရိုက်လို့ မရပေမယ့် အိမ်ပြင်ဘက် နေရောင်မှာ ရိုက်သမျှပုံကတော့ ထင်နေတာပဲ။ အဲ-တစ်ခုတော့ရှိရဲ့၊ နေရောင်ကို မှန်ဘီလူးတိုက်ရိုက် မျက်နှာချင်းဆိုင်ထားမရိုက်နဲ့ ရိုက်သမျှပုံတွေ အလင်းရောင်ဟပ်လို့ အမည်းရိပ်ပဲထင်မယ်။ နေရောင် ဘယ်ဘက်ကလာသလဲကြည့်။ နေရောင်ကို ကိုယ်က ကျောပေးထားလိုက်။ ရိုက်လိုတဲ့ Subject အရာဝတ္ထုမှာ အလင်းရောင် တိုက်ရိုက်ရှိနေရင် ပုံက ဘယ်လိုပဲရိုက်ရိုက် ပုံထွက်ကောင်းနေတာမို့ လွယ်ကူလှပါတယ်။

ဒုတိယ ကိုင်ရတဲ့ ကင်မရာကျတော့ ဘဲလိုနဲ့ လာတဲ့ ဘာဂျာပုံ ခေါက်ကင်မရာ။ အဲဒီမှာ ပညာနည်းနည်းပါလာပြီ။ မှန်ဘီလူးအားက 6.3F, Speed က 500 ။ Box ကင်မရာနဲ့တုန်းက လှုပ်ရှားပုံတွေ ရိုက်လို့ မရ။ ကိုယ်ရိုက်လိုတဲ့အရာ ငြိမ်သက်နေတဲ့အထိ ထိုင်စောင့်ပြီးမှ ရိုက်လို့ရတာမျိုး။

mgyoe.com

SAMPLE BOOK

ဒုတိယ ကင်မရာကျတော့ Speed မှန်ဘီလူးဖွင့်ချိန် အနေးအမြန်အတိုင်းအတာပါလာတော့ လှုပ်ရှားပုံတွေ ရိုက်လို့ရတယ်။ မှန်ဘီလူး အကျဉ်းအကျယ်ကိုလည်း ကစားလို့ရတယ်ဆိုတော့ အမျိုးမျိုးလေ့လာစူးစမ်းနိုင် ဖန်တီးနိုင် ဖြစ်လာပါတယ်။

ယခု တတိယ လိုက်ကာအမျိုးအစား ကင်မရာကျတော့ အဆင့်က မြင့်လာတယ်။ မှန်ဘီလူးအား ပိုကောင်းတယ်။ Speed အချိန်အတိုင်းအတာလည်း ပို၍မြန်သောနှုန်းရတယ်။ အရင်ကင်မရာတွေလို ဖလင် 120,620 တို့ သုံးလို့ မရ။ ၃၆ ပုံထွက်တဲ့ 35 mm ဖလင်ကို သုံးရတယ်။ အဖိုးတန်သည်နှင့်အမျှ အသုံးချစရာ ပညာသားတွေ တော်တော်များများ ပါလာလေပြီ။ ဖလင်လိပ်ဖိုး နှင့်တကွ ကူးခ၊ ဆေးခတွေလည်း ပို၍ ကုန်ကျရသည်ပေါ့။

ကျွန်မ အဖိုးတန် ကင်မရာကြီးကိုကိုင်ပြီး မျောက် အုန်းသီးရသလို မလုပ်တတ်မကိုင်တတ်။ အန်ကယ်လ်အေးကလည်း အနားမှာ မရှိ။ ကျွန်မ အမျိုးမျိုး ကလိရင်း ရိုက်ချင်သလို ရိုက်ကြည့်၊ ပုံထွက်က မမှန်။ မည်းတဲ့ပုံကမည်း။ ဖြူတဲ့ပုံကဖြူ။ ဝါးတဲ့ပုံကဝါး။ မကျေနပ်တိုင်း ထပ်ရိုက်နဲ့ လုံးလည်လိုက်နေပါတော့တယ်တဲ့။ ရတဲ့ မုန့်ဖိုးကလည်း ဓာတ်ပုံဖိုးနဲ့ မလောက်ငနိုင်။

ကျောင်းမှာ ကျောင်းအိပ် ကျောင်းစားနေတာဆိုတော့ ကျွန်မမှာ မော်ဒယ်လ်တွေ တစ်ပုံကြီးရှိပါတယ်။ Kathleen Williams တို့၊ June Ba Oh တို့၊ ခင်လှမြင့်၊ ကြည်ကြည်စိန်၊ May Bo Gyi။

'ဟဲ့-ခင်လှမြင့်၊ နင်က အသားမည်းတယ်၊ ကုလားမ လုပ်ရိုက်ရအောင်' ဆိုပြီး အိပ်ရာခင်းအဖြူကြီးကို အိပ်ရာကချွတ်၊ ခါးမှာတွန့်ပြီးပတ်၊ ပခုံးပေါ်ကကျော်ပြီး အမြိတ်ကိုချ၊ မြဲအောင် အတွင်းက



ဦးအေးမောင်နှင့် ဒေါ်ခင်ခင်လှ

mgyoe.com

mgyoe.com


ခါးကို ကြိုးနဲ့ချည်။ မျက်နှာမှာ မိတ်ကပ်တွေခြယ်။ နဖူးအလယ် မျက်ခုံးနှစ်ခုကြားမှာ မှုတ်ခမ်းနီဘူးနဲ့ အနီဝိုင်းဖြစ်အောင်တို့ပြီး အကျအန ပြင်ဆင်မှုပြုပေးရသေးတယ်။ ပြီးတော့ ကျွန်မက ဘယ်လိုထိုင်၊ ဘယ်ပုံ မျက်နှာပေးဆိုတာတွေပြရင်း သူ့ကို မော်ဒယ်လ်ထားပြီး ပုံစံအမျိုးမျိုးရိုက်။

ကြည်ကြည်စိန်ကကျတော့ တရုတ်မနဲ့ တူတယ်။ ညအိပ်ဘောင်းဘီရှည်ကိုဝတ်ခိုင်း။ အပေါ်က ဘလောက်စ်အင်္ကျီကို အထဲမသွင်းဘဲ အပြင်ထုတ်ပြီးဝတ်။ ဆံပင်ကို ကျစ်ဆံမြီးကျစ်။ ရှေ့မှာ ဆံပင်ကို ဆံရစ်ဖြတ်ညှပ်ချပြီး ရိုက်။

မေဘိုကြီးက အားလုံးထဲမှာ ပုံ အပေးတတ်ဆုံး။ ရွှတ်ရွှတ်နောက်နောက်နဲ့ အမျိုးစုံ မျက်နှာထားတတ်လို့ သူ့ကျတော့ ၄ တန်းက 'ချာလီ' ဆိုတဲ့ကောင်လေးဆီက ရှပ်အင်္ကျီကို အတင်းချွတ်ယူခဲ့ပြီးငှား။ မတန်တတန် မရအရအတင်းဖြဲရဲပြီးဝတ်။ အကွက်ဆင်ပါတဲ့ထဘီတစ်ထည်ကို ရှာ။ အထက်ဆင်မမြင်ရအောင် အောက်ထဲ ခေါက်ထည့်။ ပုဆိုးပုံဖြစ်အောင် ခါးပုံစနဲ့ဝတ်။ ကျွတ်မကျရအောင် ခါးပတ်ကို နာနာဆွဲပြီး ပတ်၊ ဆံပင်ကိုတင်းနေအောင် နောက်မှာသိမ်းပြီးထည့်။ ဖော့ဦးထုပ်ကို ဆောင်းခိုင်း။ Kathleen ကို အပျိုချောလိုဖြစ်အောင်ခြယ်။ နှစ်ယောက်ဖက်ပြီး ချစ်တင်းနှောသလို အိုက်တင်လုပ်ပြီးရိုက်။

ဒီအဖြစ်တွေ ပြန်တွေးကြည့်ရင် အခုတောင် ရယ်ချင်ပါသေးရဲ့။ ဓာတ်ပုံရိုက်ပြီးလို့ ကူးဖို့၊ ဆေးဖို့ သွားအပ်ရတာလည်း ပြဿနာတစ်ခု။

ကျွန်မတို့ ဘော်ဒါဆောင် မိန်းကလေးများက ကျောင်းနံရံ ၄ ဖက်မှ အပြင်ကို ထွက်ခွင့်မရှိ။ သည်တော့ အကြံအဖန်လုပ်ရပါတယ်။ ကျွန်မတို့နေတဲ့ စိန့်ဂျိုးဇက်ကွန်ဗင့်ကျောင်းနဲ့ ဖူဂျီဓာတ်ပုံတိုက်က ကျောချင်းကပ်ဖြစ်ပါတယ်။ ကျောချင်းကပ် ဓာတ်ပုံတိုက်ကို ရောက်ဖို့အတွက် ကျွန်မဖြတ်သန်းရသော ဒုက္ခများကို ရှုပါ။

စစ်ကြိုခေတ်အခါက ယခုခေတ်မှာလို ရေလောင်းအိမ်သာများမရှိပါ။ အားလုံး ပုံးဆွဲအိမ်သာများ ဖြစ်ကြပါတယ်။ ညနေကျမှ မစင်ကျုံးသည့် ကုလားများက မစင်ကားကြီးဖြင့် ရောက်လာပြီး အဲသည့်ပြည့်လျှံနေသည့် မစင်ပုံးများကို ဆွဲထုတ်ယူသွား၊ မစင်ကားထဲကို လောင်းထည့်၊ ပုံးသစ်များ အိမ်သာတွင်းအောက်တွင်ပြန်ချထား၊ အလဲအလှယ်ပြုကြတယ်။ လမ်းပေါ်တွင် မစင်ကားကြီးဖြတ်သွားပြီဆိုရင် တစ်လမ်းလုံး နံဟောင်ပြီး ကျန်ရစ်ခဲ့တယ်။ အဲဒီမစင်ကျုံးတဲ့ အလုပ်ကိုလည်း ကုလားများသာ လုပ်ကြတာကို တွေ့ရဖူးတယ်။ ကျွန်မ

mgyoe.com

mgyoe.com

SAMPLE BOOK


တို့ငယ်စဉ် မိဘများက အဲဒီမစင်ကျုံးတဲ့ သူများကို တွေ့တိုင်း 'နင်တို့ ကြည့်ထား စာကောင်းကောင်းမသင်ရင် သူတို့လိုပဲ နင်တို့လည်း မစင်ကျုံးစားရမယ်' ဆိုပြီး ဖြဲခြောက်စမြဲ ဖြစ်ပါတယ်။

အဲဒီ မစင်ကျုံးတဲ့ ကုလားများ ကျွန်မတို့ကျောင်းကို လာတဲ့အခါ နောက်ဖေးပေါက်ကို သော့ဖွင့်ပေးပြီး စောင့်ကြပ်ကြည့်ရှုရတဲ့ တာဝန်ကို 'စစ္စတာ ဆိုဖီ' ဆိုတဲ့ သီလရှင်တစ်ပါး တာဝန်ယူရပါတယ်။ ကျွန်မက 'စစ္စတာ ဆိုဖီ' ကို ရှိခိုးဦးတင် သွားပြီး တောင်းပန်တိုးလျှိုးရတယ်။

'စစ္စတာရယ်၊ ကျွန်မနဲ့ကက်သရင်း ဖူဂျီဓာတ်ပုံတိုက်ကို ဖလင်လိပ်လေး ဆေးဖို့၊ ကူးဖို့ ပြေးအပ်ပါရစေနော်၊ လုံးဝ မကြာစေရပါဘူး၊ မစင်ကားကြီး သိမ်းမပြီးခင် ရောက်အောင် ပြန်လာမှာပါ၊ တခြား ဘာမှ မလုပ်ပါဘူး' နဲ့ ကတိ အမျိုးစုံပေး၊ Please ဆိုတာ ၁၀ ခါလောက်ပြောတော့မှ စစ္စတာက သဘော ကောင်းတဲ့အတွက် ကျွန်မတို့ကို ပေးလွှတ်တယ်။ သို့ပေမဲ့ နင်တို့ ချက်ချင်း ပြန်လာနော်၊ မဟုတ်တာလုပ်ဖို့ စိတ်မကူးနဲ့၊ ကျောင်းထုတ်ခံရမယ်၊ နားလည်လား' လို့တော့ မာန်မာန်မဲမဲ ဆူလိုက်သေးတယ်။ ကျွန်မနဲ့ ကက်သရင်း နှစ်ယောက်သား နှာခေါင်းကို လက်တစ်ဖက်နှင့် ပိတ်၊ အသက်ကိုအောင့်ပြီး မစင်ပုံးသယ်တဲ့ ကုလားတွေကြားထဲက နောက်ဖေးလမ်းကြားကို ဖြတ်ပြီးပြေးကြရတယ်။

ဖူဂျီဓာတ်ပုံတိုက်ဝ ရောက်မှ အသက်ကို ဝဝပြန်ရှူပြီး တံခါးကိုခေါက်၊ ဆရာကြီး ဖြစ်ဖြစ်၊ သူ့ဇနီးဖြစ်ဖြစ် ရောက်လာမှ ဖလင်လိပ်ကို ဆေးဖို့၊ ကူးဖို့ပေးခဲ့ပြီးရင် လာခဲ့စဉ်က ပုံစံအတိုင်း နှာခေါင်းကိုပိတ်၊ အသက်ကိုအောင့်ပြီး ကျောင်းဝင်းထဲရောက်အောင် ပြေးကြရပါတယ်။

ဖူဂျီဓာတ်ပုံတိုက်မှ



၁၃-နှစ်အရွယ် ခင်မကြီး

mgyoe.com

ဆရာကြီးနဲ့ သူ့ဇနီးက ကျွန်မကို ကောင်းကောင်း သိကြပါတယ်။ ပြောခဲ့တဲ့အတိုင်း ကျွန်မမိခင်က ဓာတ်ပုံဝါသနာအိုးဆိုတော့ သူတို့ရဲ့ ဖောက်သည်မို့ မိတ်ဆွေလို ရင်းနှီးခင်မင်နေကြတယ်။ သူတို့မှာ သားသမီး အရင်းအချာ မရှိပါ။ သမီးလေးတစ်ဦးမွေးစားထားတာ ရှိလို့။ ကျွန်မ ဓာတ်ပုံ ဝါသနာကြီးတာကိုသိလို့ မာမိဆီက ကျွန်မကို မွေးစားပါရစေလို့ အခါခါတောင်းဖူးတယ်။ မာမိက 'သမီးလေး ဒီတစ်ယောက်တည်းရှိတာ၊ မပေးနိုင်ပါဘူး' ပြောတော့ ကျွန်မက မကျေနပ်။ အိမ်ကျ မာမီ့ကို မပေးရ ကောင်းလားဟု ရန်လုပ်မိသေးတယ်။

ကျွန်မရဲ့စိတ်ကူးထဲမှာ ဓာတ်ပုံတိုက်ပိုင်ရှင်ရဲ့ သမီးလေးများ ဖြစ်လိုက်ရ ဘယ်လောက် ကံကောင်းလိုက်မလဲ။ ဓာတ်ပုံတွေ ကြိုက်သလောက်ထိုင်ပြီး ရိုက်ချင်တိုင်းရိုက်ရရင် ဖိမ်ကျလိုက်မယ့် ဖြစ်ခြင်းလို့ တွေးမိတာပေါ့။ ထိုစဉ်က မိခင်တစ်ယောက်ရဲ့ ထားအပ်သော မေတ္တာတရားကို နားမလည်ခဲ့။ ဘယ်လောက်များ နားရင်းအုပ်ဖို့ ကောင်းလိုက်သည့်အဖြစ်ဆိုတာ ယခုမှ ပြန်စဉ်းစားမိပါတယ်။

မာမိက ဖူဂျီဓာတ်ပုံတိုက်တွင်မက ဖူဂျီတိုက်နဲ့ မျက်နှာချင်းဆိုင် မီကာဒိုဓာတ်ပုံတိုက်မှာလည်း ဓာတ်ပုံရိုက်နေကျမို့ ကျွန်မတို့ သားအမိနှစ်ယောက်နဲ့ မီကာဒိုဆရာကြီးလည်း ရင်းနှီးခင်မင်ကြပါတယ်။

ဓာတ်ပုံဆေးဖို့ အပ်ထားတဲ့ ညဆိုရင် ကျွန်မ တစ်ညလုံး နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်တော့။ ကိုယ်ရိုက်ထားတဲ့ပုံ ဘယ်လို ထွက်လာပါ့မလဲဆိုတာ စိတ်စောပြီး အမျိုးမျိုးတွေးကြည့်နေတယ်။ မိုးလင်းဖို့ပင် ကြာလှချည်ရဲ့လို့ခံစားရတယ်။ ထိုအကျင့်က အခု အသက် ၇၀ နား ရှိခါနီးသည်အထိရှိနေသေးတယ်။ ငယ်ငယ်တုန်းကလောက် ဖျပ်ဖျပ်လူးမဖြစ်တဲ့တိုင် မအောင့်နိုင်တော့ရှိသေးလို့ သားသမီးတွေနဲ့ တစ်ခါ တစ်ခါ အချေအတင်ဖြစ်ရတယ်။

သမီးအထွေးဆုံး'မီးချော'(သူဇာ)လက်ထပ်တဲ့နေ့က ဓာတ်ပုံဆရာခေါ်ရိုက်ပေမယ့် ကျွန်မကလည်း ဝါသနာကို မတားနိုင်လို့ ဝင်ရိုက်တယ်။ ကာယကံရှင်သတို့သမီးက ဘယ်လိုမှ မရှိ။ ကျွန်မကသာ ဓာတ်ပုံတွေကြည့်ဖို့ စိတ်စောနေလို့ ရွေးတဲ့ကောင်တာမှာတင် ငွေမချေနိုင်သေးဘဲ ဓာတ်ပုံတွေကို ထုတ်ကြည့်တယ်။ မီးချောက 'မာမိကလည်း နေပါဦး၊ ငွေပေးပါရစေဦး၊ ကားထဲကျမှ ကြည့်လည်း ရရက်သားနဲ့'လို့ စိတ်မရှည်သံနဲ့ ပြောတော့မှ ကိုယ်လောကြီးနေတဲ့အဖြစ်ကို ပြန်သတိရတယ်။ ဒါပေမဲ့ ကျွန်မ ကားထဲရောက်တဲ့အထိ

mgyoe.com

mgyoe.com SAMPLE BOOK

သွားရမယ့် ၁၀ မိနစ်မျှ အချိန်ကိုပင် မစောင့်နိုင်ပါ။ သူ မျက်စောင်းခဲနေမှာကို သိသိကြီးနဲ့ ကောင်တာမှာတင် ပြီးအောင် ဖွင့်ကြည့်ခဲ့ပါတယ်။ ဝါသနာ ဆိုသည်မှာလည်း ရောဂါတစ်မျိုးပဲ ထင်ပါရဲ့။

ယခုခေတ် တိုးတက်လာသော သိပ္ပံပညာများကို ကျေးဇူးတင်ရပါမယ်၊ ဓာတ်ပုံကူးဖို့ သွားအပ်ရင် ONE HOUR SERVICE ရှိသည်မို့ တစ်နာရီနဲ့ ကိုယ်ရိုက်ထားတဲ့ပုံကို ကြည့်နိုင်မြင်နိုင်လို့ စိတ်ချမ်းသာစရာ ကောင်းပါတယ်။

ဟိုခေတ်ကတော့ တစ်ခါ သွားအပ်ရင် သုံးရက် လေးရက်နေပြီးမှ ကြည့်ရတာ။ စိတ်စောပြီး စောင့်ရတဲ့ဒုက္ခတစ်ခုတည်းသာ ရှိတာမဟုတ်။ ဓာတ်ပုံဖိုးနဲ့ ကျွန်မမှာ အမြဲတမ်း မမျှသည့်အဖြစ်ကလည်း ကြုံရတယ်။ ရတဲ့ မုန့်ဖိုးက တစ်လမှ ငါးကျပ်။ ထိုခေတ်အခါ လူတစ်ယောက် ထမင်းလခပေးစားရင် တစ်လ ၁၀ ကျပ်နဲ့ ရသည့်အချိန်ကာလ။ ငွေက တန်ဖိုးရှိတယ်။ ဒီလိုဆိုတော့ ငါးကျပ်ကို ကျွန်မတို့ ကိုင်ခွင့်ရှိတယ် မထင်ပါနဲ့။ ဘော်ဒါဆောင်ကို အုပ်ချုပ်တဲ့ သီလရှင်လက်အပ်ထားရတယ်။ သီလရှင်က တစ်နေ့အတွက် တစ်ပဲမျှသော မုန့်ဖိုးကို ပေးပါတယ်။ တစ်လကို နှစ်ကျပ်။ ပိုတဲ့ သုံးကျပ်ထဲက လိုတာရှိရင် စာရင်းပြပြီး ဝယ်ခွင့်ရတယ်။ စည်းကမ်းနဲ့ သုံးစွဲတတ်အောင် သင်ပြတာ ဖြစ်ပါတယ်။

တစ်ပဲမျှသော မုန့်ဖိုးထဲမှ ကျွန်မ သုံးပြားကို စုတယ်။ ဘော်ဒါဆောင်တွင် နံနက် ထမင်းကျွေးတဲ့အခါ ထမင်းအပိုကို ပန်းကန်တစ်လုံးနဲ့ အံဆွဲထဲထည့်ပြီး ဝှက်ထားခဲ့ရသည်။ အဲဒီလို ဝှက်တာကို သက်ဆိုင်ရာ စားဖိုဆောင်တာဝန်ခံ သီလရှင်အား မတိုင်ကြားအောင် ထမင်းစားခန်းစောင့် အကူအလုပ်သမားအမျိုးသမီးများကို သင့်မြတ်အောင်ပေါင်းထားရပါတယ်။ အိမ်မှ ဆီပုလင်းသေးလေးတစ်လုံးလည်း မှာပြီး ဆောင်ထားရပါတယ်။ နေ့လယ်ကျောင်းဆင်းလျှင် ပြောင်းဖူးပြုတ် တစ်ဖူး တစ်ပြားနဲ့ ဝယ်လိုရတာမို့ ပြောင်းဖူးပြုတ်ရာသီမှာ ပြောင်းဖူးဝယ် အစေ့ခြွေပြီး ဝှက်ထားခဲ့သည့် ထမင်းပန်းကန်ထဲထည့်၊ ဆီနည်းနည်းဆမ်း၊ ဆားနည်းနည်းဖြူး၊ ကျွန်မအတွက် နေ့လယ်စာ နတ်သုဓာဖြစ်သွားပါတယ်။ ပြောင်းဖူးအခါ ရာသီမဟုတ်ရင်တော့ အကြော်စုံတစ်ခုခုနဲ့ ထမင်းကိုလူးစားလိုက်တယ်။ ဟိုခေတ်က အကြော်ဆိုတာက ယခု ခေတ်လို အယှက်သေးသေးလေး မဟုတ်။ လက်ဖက်ရည်ပန်းကန်ပြား လောက်ရှိတဲ့

mgyoe.com

mgyoe.com SAMPLE BOOK

အယှက်ကြီးဖြစ်ပါတယ်။ တစ်ခါတစ်ရံ မတင်းတိမ်ရင် နောက်တစ်ပြားနဲ့ ကျွန်မတို့အညာအခေါ် ရေခဲပလုတ်တုတ် ၊ အောက် အရပ်အခေါ် နို့ဆီတွေ ပျစ်ပျစ်နှစ်နှစ် ဆမ်းထားတဲ့၊ ရေခဲခြစ်ဝယ်စားတယ်။ သည်နည်းနဲ့ ကျွန်မ တစ်နေ့ တစ်နေ့ စုထားသော သုံးပြားသော အသပြာများက စုတေ၍ ဖလင်လိပ် အဖြစ်၊ ဓာတ်ပုံအဖြစ်ဘဝပြောင်းသွားကြတာကို ကြည့်ပြီး ကျွန်မ ကျေနပ် တယ်၊ ပျော်တယ်၊ ကြည်နူးတယ်။

❑

mgyoe.com

mgyoe.com SAMPLE BOOK

## ဘကြီးအောင်ညာတယ် အိပ်မက်ထဲက ကျွန်မ

သည်လို ဓာတ်ပုံရှုးမလေးဘဝနှင့် ၁၀ တန်းစာမေးပွဲဖြေချိန်တွင် ဖြစ်ပေါ်လာသော ဒုတိယကမ္ဘာစစ်၏ အရိပ်မည်းကြီးအောက်သို့ ဝမ်းလျား မှောက် ရောက်သွားသည့်အဖြစ်နှင့် ကြုံရပါတော့သည်။

စစ်တွင်းကာလတွင် အခြေအနေအရပ်ရပ်ကြောင့် မထင်မှတ် မမျှော် မှန်းပါဘဲ ကျွန်မ အိမ်ထောင်ရှင်ဘဝသို့ တစ်မုဟုတ်ချင်း ရောက်သွားရသည်။ ကျွန်မကို အင်္ဂလိပ်သွေးပါသည်၊ မသင်္ကာ၍ဆိုပြီး ဂျပန်ကင်ပေတိုင်က အိမ်ပေါ်တက်ရှာသည်။ သူတို့ ထင်မှတ်သလို ဘာပစ္စည်းမှ မတွေ့။

သို့ပေမဲ့ ကျွန်မ အမြတ်တနိုးရှိခဲ့သော ကင်မရာလေးကို ကိုင်ဆောင် ခွင့်မရှိဆိုပြီး သိမ်းယူသွားကြသည်။ ကျွန်မကိုလည်း လက်နက်ကိုင် စစ်သား နှစ်ယောက်ရံ၍ ဖမ်းခေါ်သွားပြီး အခြား အင်္ဂလိပ်ကပြားများနှင့်အတူ Camp တစ်ခုတွင် ထည့်ထားသည်။ နောက်မှ ကျွန်မ ခင်ပွန်းက မြို့နယ်အရာရှိများနှင့် အတူ လာရောက်ပြီး ခံဝန်ချက်ပေါင်းများစွာကို လက်မှတ်ထိုးပြီး ပြန်ထုတ်ယူ သည့်အတွက် အိမ်ပြန်ပြီး နေခွင့်ရပါသည်။

သို့ပေမဲ့ မြို့ပြင်သွားခွင့် မရှိ။ အိမ်မှ အပ တခြားအိမ်သို့ ညအိပ် ညနေ သွားခွင့် မရှိ။ အကယ်၍ သွားလိုခဲ့သော် သူတို့ထံမှ ခွင့်ပြုချက် ရယူရမည်။ စသည် စသည်တို့နှင့် ကျွန်မမှာ အကျယ်ချုပ်ဘဝလို နေရတာတင်

mgyoe.com

mgyoe.com SAMPLE BOOK

မကသေး အင်္ဂလိပ်စစ်တပ်က ဗုံးလာကြဲသည့်နေ့ဆိုလျှင် ထိုအချိန် ထိုကာလ ကျွန်မ ဘယ်မှာ ရှိနေပါသည် ဆိုတာမျိုး မှတ်ချက်ကလည်း ပေးရသေးသည်။

ဘဝကလည်း ရည်မှန်းသည်က တခြား၊ ဖြစ်ပျက်သည်က တခြား ဖြစ်နေတော့ ကျွန်မ စိတ်ဓာတ်ကျ၍ ဘာကိုမှ မလုပ်ချင်တော့။ ကင်မရာလည်း မရှိ။ ရှိသည့်တိုင်အောင် ဓာတ်ပုံရိုက်ချင်သည့်စိတ်လည်း ဝေလာဝေး။ စစ်တွင်းကာလ စိတ်ဒုက္ခ၊ လူဒုက္ခပေါင်းများစွာ ရင်ဆိုင်ရင်း ပြီးဆုံးသွားပါသည်။

အင်္ဂလိပ်စစ်တပ်က မန္တလေးကို ပြန်သိမ်းသည်။ မြန်မာပြည် အင်္ဂလိပ်လက်အောက် ပြန်ရောက်ချိန် ကက်စဘီခေတ်အစဖြစ်ပါသည်။ စစ်ပြေးနေကြသော သူငယ်ချင်းများ မြို့တွင်း ပြန်ဝင်လာကြတော့ ဆုံမိစုမိကြသည်။ စစ်အတွင်း ကျွန်မနှင့်လုလုမြင့် နှစ်ယောက်သာ အိမ်ထောင်ကျပြီး ကျန်တဲ့သူများက ဘဝမပျက်ကြသေး။

'၁၀ တန်းစာမေးပွဲ ဖြေကြရအောင်၊ စာကျက်ကြရအောင်၊တက္ကသိုလ် တက်ကြရအောင်' ဆိုပြီး စက်ဘီးကိုယ်စီနှင့်စီဗွီလိုင်းတွင်ရှိသော ပညာရေးရုံးကို သွားပြီး Roll No များ ထုတ်ကြ၊ စာစုပြီး စာကျက်ကြနှင့် အလုပ်ရှုပ်နေကြသည်။ သူငယ်ချင်းတွေ ပြန်တွေ့တော့ ကျွန်မ ရောဂါပျောင်း ပြန်ထလာပါသည်။ ကင်မရာရောင်းသည့် ဆိုင်ကလည်း မရှိ။ ဖလင်လိပ် ဆိုသည်မှာလည်း ရှားမှရှား။ ဓာတ်ပုံဆိုင်ပင် ထိုကာလ များများစားစား မရှိသေးပါ။ ဟိုမေးသည် မေးနှင့် နောက်ဆုံး မိတ်ဆွေတစ်ယောက်မှတစ်ဆင့် ကင်မရာအဟောင်းတစ်လုံး ဝယ်လို့ရသည်။ ဖလင်လိပ်က အင်္ဂလိပ်ငွေနှင့် ၁၀ ပေးရပါသည်။ အင်္ဂလိပ် ပြန်ဝင်စ အင်္ဂလိပ်ငွေကလည်း အလွန်တန်ဖိုးရှိသည့်အချိန် ဖလင်တစ်လိပ် ၁၀ ဆိုသည်မှာ ခေါင်ခိုက်သည့်ဈေး ဖြစ်သည်။ ခေါင်ခိုက်နေမှန်းသိလျက်နှင့် ကျွန်မက ဂရုမစိုက်။ မရိုက်ရတာကြာပြီဖြစ်တော့ လက်က ယားနေသည်။ သူငယ်ချင်းတွေနှင့်လည်း တရုန်းရုန်းပြန်ဖြစ်တော့ စက်ဘီးတစ်စီးစီနှင့် အုပ်စုကြီးဖွဲ့ကြပြီး နေရာအနှံ့ ဓာတ်ပုံတွေလည်ရိုက်ကြသည်။ ထုံးစံအတိုင်း ရိုက်ပြီးတော့ ကူးခ၊ ဆေးခကုန်။ ကြိုက်ပြန်တော့ သူငယ်ချင်းတွေ ပုံထဲပါသမျှ တစ်ယောက် တစ်ပုံစီအောင်ပေးဖို့ ထပ်ပြီးကူးရ၊ ဓာတ်ပုံသံသရာလည်သည်နှင့်အမျှ နောက်က လိုက်ရသည့်ငွေက တရင်းတနှီး ဖြစ်လာသည်။

ကျွန်မမှာ အိမ်ထောင်ကျ၍ သားတစ်ယောက်ရသည်ဆိုသော်လည်း အိမ်ရှင်မလို နေရသည်မဟုတ်။ ကျွန်မခင်ပွန်းတို့ မိသားစုက သူတို့အားလုံးပိုင်

mgyoe.com

m gyoe.com SAMPLE BOOK



၁၉၄၃ ခုနှစ်က ရိုက်ကူးခဲ့သော
ဦးအောင်ခန့် + ဒေါ်ခင်မကြီးနှင့် (သား)ခင်မောင်ဝင်းခန့်

လုပ်ငန်းနှင့် မိသားစုမခွဲ အတူတကွ နေကြသည့်အိမ်သို့ ကျွန်မက မျက်နှာငယ်လေးနှင့် လိုက်သွားရသည့်အဖြစ်။ အသက်ကလည်း ၁၇ နှစ် သာသာဆိုတော့ မည်သူကမျှ ကျွန်မကို လူရာမသွင်း။ ကလေးတစ်ယောက်လို ဆက်ဆံကြသည်။

သား တစ်ယောက် မွေးပေးလိုက်ပြီး ကျွန်မကဘာမှ လုပ်စရာမလို။ အိမ်ရှိ ယောက်မပေါင်းမြောက်မြားစွာက သားကို လက်ကမချကြဘဲ ဝိုင်းဂရုစိုက်ကြသည်။ သည်တော့ ကျွန်မကိုယ့်ကိုယ်ကိုယ် အိမ်ထောင်ရှင်လို့ မထင်မှတ်။ ကျောင်းပြန်တက်မယ်၊ စာကျက်မယ်နဲ့ သူငယ်ချင်းတွေနဲ့ တရုန်းရုန်းလုပ်ပြီး ဓာတ်ပုံ တွေ လျှောက်ရိုက်။ ဒါကိုယောက်မအကြီးဖြစ်သူက လုံးဝကြည့်မရ။

'ဓာတ်ပုံဆိုတာ စားရတာလည်း မဟုတ်၊ ဝတ်ရတာလည်း မဟုတ်၊ အရည်မရအဖတ်မရနဲ့ သက်သက်ပိုက်ဆံကို ဖြုန်းနေတာ၊ အိမ်ကလူတွေက ငွေကို စည်းနဲ့ ကမ်းနဲ့သုံး၊ ခြိုးခြိုးခြံခြံနေကြ၊ ဒီဟာမလေးက ငွေကို သူရှာရတာမဟုတ်လို့ ဘာတန်ဖိုးမှ သိတာ မဟုတ်ဘူး၊ ကြည့်ပြောကြဦး' နှင့် ကျွန်မကို ရှေ့ထားပြီး စကား စလာတော့သည်။

ဟုတ်လည်း ဟုတ်ပါသည်။ သူတို့တစ်တွေ ချမ်းသာကြသည်မှာ ချမ်းသာထိုက်၍ဟု ယခုကျွန်မနားလည်တတ်ပါပြီ။ ထိုစဉ်ကတော့ အသက်က ငယ်သေးတော့ အတွေးတွေက မမှန်၊ 'ကတ်သတ်ရန်ကော'ဟု မြင်မိသည်။

သူတို့ မိသားစု စည်းကမ်းရှိပုံကတော့ အတုယူထိုက်ပါ၏ ။ ဆီစက်ပိုင်ရှင်များ ဖြစ်ပြီး အိမ်တွင် ဆီစက်ကဆီတွေ အလကားရနေတာတောင်

mgyoe.com

mgyoe.com SAMPLE BOOK


မှ အတိုင်းနှင့်အဆနှင့် ချင့်၍ သုံးရပါသည်။ ဆီအိုးတွင် ချိတ်ထားသည့် ဆီမှုတ်က အရွယ်အစားစားရှိသည်။ ဒါက အသီးအရွက်ကြော်ရင် ထည့်တဲ့ဆီမှုတ်။ ဒါက ချဉ်ရည်ဟင်းချက်တဲ့အခါ ထည့်တဲ့ဆီမှုတ်။ ဒါက အသားဟင်းအတွက် ဆီမှုတ်။ အရာရာတိုင်း၍ ချင့်၍သုံးရသည်။ တစ်ခါတစ်လေ ကျွန်မ ဝိုင်းကူရသည့်အခါမျိုး ဆီမှုတ်ကို လျှံနေအောင်ခပ်ပြီး ဝေါခနဲ လောင်းထည့်လိုက်လျှင် ဆူခံလိုက်ရသည့်ဖြစ်ခြင်း။

"မရွှေခင်၊ ညည်းတော့ တစ်သက်လုံးချမ်းသာမယ့်မိန်းမ မဟုတ်ဘူး၊ ဘယ့်နှယ်တော်၊ ဆီတွေ ဒါလောက် ဒလဟော သုံးလို့စွဲလို့ မွဲရချည်ရဲ့ပေါ့' စသည် စသည်ဖြင့်။

ဟင်းချက်လျှင်လည်း အလုပ်သမားများကိုပါ ကျွေးရသည့်အိုးကြီး ဖြစ်၍ အသားဟင်းရယ်လို့ ဘယ်တော့မှ သတ်သတ်မစားရ။ အမြဲတမ်းအရော နှင့် အနှောနှင့်။ တစ်ခါတစ်ရံ ကျွန်မက 'ဒီဟင်းက ကြက်သားကို အာလူးရော တာလား၊ အာလူးကို ကြက်သားရောတာလား' ဟု မကွဲပြား၍ မေးယူရသည် အထိ။ ကြက်သားဖတ်က နည်းနည်း၊ အာလူးဖတ်က များများကိုး။

ဆီစက်က အလုပ်သိမ်းပြီးလာ၍ ငွေတွေကို မီးခံသေတ္တာထဲထည့် လျှင်လည်း ငွေစက္ကူတွေကို ဖင်ပြန် ခေါင်းပြန် မဖြစ်စေရ။ ဘက်မမှားစေရ။ တစ်ရွက်ချင်း စီပြီးမှ ထပ်ရသည်။

'ကြည့်ထား၊ ငွေဆိုတာ ရိုသေရတယ်၊ ချစ်ရတယ်၊ ကိုယ်က ငွေကို ရိုသေမှ ချစ်မှ ငွေကလည်း ကိုယ့်ကိုချစ်ပြီး ငွေနဲ့မြဲတာ၊ ဘယ်တော့မှ ပစ်စလက်ခတ် မကိုင်ရဘူး'

သည်လို သင်တန်းတွေလည်း တက်ရပါ၏။

သူတို့လက်ထဲမှာ ကျပ်တန် ၁၀ ရွက်ရှိလျှင် ချက်ချင်း ဆယ်တန်ဖြစ် အောင်လဲ။ အဲ-ဆယ်တန် ၁၀ ရွက်ဖြစ်တာနဲ့ ရာတန်ဖြစ်အောင်လုပ်တာတွေ လည်း တွေ့ရရဲ့။ ကျွန်မကတော့ မဟုတ်ပေါင်။ ဆယ်တန်ရှိနေလျှင် မလွှယ်မှာ စိုး၍ ကျပ်တန် ၁၀ရွက် ဖြစ်အောင် လဲထားတာ တွေ့သွားရင် ဆူခံရပြီသာမှတ်။

'ငွေဆိုတာ အရှိန်အဝါရှိတယ်ဟဲ့၊ ငွေရှိမှ လူရိုသေတာ၊ ငွေကို လွှယ်အောင် ဘယ်တော့မှ မထားရဘူး၊ မှတ်ထား'

ငွေနှင့်ပတ်သက်သည့် လေ့ကျင့်ခန်းတွေလည်း ပေးပါ၏။ ကျွန်မက ခွေးမြီးကောက် ကျည်တောက်စွပ်။ အထူးသဖြင့် ကိုယ်ဝါသနာပါသော စာတိုပုံ

mgyoe.com

mgyoe.com SAMPLE BOOK

နှင့်ပတ်သက်လာလျှင် လုံးဝ အနုမြော်မရှိ။ ဖလင်တစ်လိပ် ၈ ကျပ်ဆိုလည်း ဝယ်ရိုက်။ ၁၀ ကျပ်ဆိုလည်း ဝယ်ရိုက်။

'ပြောပါများ မယားစကားအောင်' ဆိုပေမယ့် ကျွန်မအဖြစ်ကတော့ ယောက်မစကားက အောင်သွားတာ တွေ့ရသည်။

'အေး၊ နင့်ကို ကိုယ်ပိုင်သုံးပိုက်ဆံ မပေးတော့ဘူး၊ အလကား ဓာတ်ပုံနဲ့ပဲ ဖြုန်းပစ်နေတာ၊ လိုချင်တာရှိရင်ပြော၊ ဝယ်ပေးမယ်၊ ဓာတ်ပုံရိုက်ဖို့တော့ မတောင်းနဲ့၊ မရဘူး'

ကျွန်မကို စည်းကမ်းလုပ်မှ ဖြစ်တော့မယ်ဆိုပြီး လစဉ်သုံးပိုက်ဆံ ပေးခြင်းမှ ရပ်စဲလိုက်ပါသည်။ ကျွန်မကလည်း မာနနှင့်။ စေတနာနှင့်ပေးတာကိုသာ တန်ဖိုးထားချင်သည်။ လက်ဝါးဖြန့် တောင်းခံပြီးမှရယူရသည်ကို ဘဝင်မကျ။ ဒီတော့ စောဒကမတက်။ 'မပေးချင် နေကြ' ပုံစံမျိုးနှင့် နေပြလိုက်သည်။

ထိုနေ့က ကျွန်မ အပ်ထားသော ဓာတ်ပုံများရရက်ရောက်သည်နှင့် စက်ဘီးကောက်နင်းပြီး ဓာတ်ပုံ သွားရွေးဖြစ်သည်။ ကူးထားပြီးသော ဓာတ်ပုံများကို ထုတ်ကြည့်ရင်း ကျွန်မက ကျော်ဓာတ်ပုံတိုက်ပိုင်ရှင် 'ကိုကျော်' ကို ရင်ဖွင့်မိသည်။

"ကိုကျော်ရေ၊ ဒါ ခင်ဗျားဆီကို ကျွန်တော် ဓာတ်ပုံလာအပ်တာ နောက်ဆုံးနေ့ပဲ၊ ကျွန်တော့်ကို အိမ်က ဓာတ်ပုံရိုက်တာ ပိုက်ဆံဖြုန်းတဲ့အလုပ် ဆိုပြီး ပိုက်ဆံ မပေးတော့ဘူးတဲ့"

ကျွန်မက မျက်နှာမသာမယာနဲ့ ပြောပြတော့ 'ကိုကျော်' က စိတ်မကောင်း ဖြစ်စွာနဲ့ နားထောင်ပြီး –

"အေးဟယ်၊ ဓာတ်ပုံက ပိုက်ဆံကုန်တဲ့အလုပ်ဆိုတာတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ မင်း ဒါလောက် ဝါသနာပါရက်နဲ့ စွန့်ရမှာ နှမြောစရာကြီး၊ နောက်ပြီး မင်း လက်စလက်န အယူအဆတွေ တော်တော်ကောင်းတာနော်၊ မင်းမှာ အရည်အချင်းရှိလို့ ငါတော့ နှမြောမိတယ်၊ ငါအလုပ်လျော့သွားလို့ ပြောတာ မဟုတ်ပါဘူးကွာ၊ မင်း ဆက်လုပ်သင့်တယ် သိလား"တဲ့။

"လုပ်ချင်တာပေါ့ ကိုကျော်ရာ၊ ဒါပေမဲ့ ကျွန်တော့်မှာ ပိုက်ဆံမှ မရှိတာနဲ့ ဘာနဲ့ သွားရိုက်ရမှာလဲ"လို့ ကျွန်မက စိတ်ပျက်လက်ပျက်နဲ့ ပြန်ပြောတော့–

"အလုပ်တစ်ခုခု ထွက်လုပ်ပေါ့ကွ၊ ကိုယ့်ဝင်ငွေနဲ့ ကိုယ်ရှာတော့ ကိုယ်သုံးချင်ရာ သုံးရတာပေါ့"

mgyoe.com

mgyoe.com SAMPLE BOOK

"အင်း- ဒါတော့ ဟုတ်ပါရဲ့၊ ဒါပေမဲ့ သူတို့က အဲဒီလို ထွက်လုပ်တာကိုလည်း ပေးလုပ်ကြမှာ မဟုတ်ဘူး၊ နောက်ပြီး ကျွန်တော်လည်း ၁၀ တန်းတောင် မဖြေရသေးဘူး၊ ဘာသွားလုပ်စားရမှာလဲ၊ ဘာမှလည်း မတတ်…"

"မင်း ဓာတ်ပုံရိုက်တတ်တာပဲကွ၊ ဓာတ်ပုံဆိုင်ဖွင့်ပေါ့"

ကျွန်မခေါင်းထဲ လင်းခနဲ လက်သွားပါတော့သည်။

'ဓာတ်ပုံရိုက်တတ်တာပဲ၊ ဓာတ်ပုံဆိုင်ဖွင့်ပေါ့'

အိမ်အပြန်လမ်းတွင် ကျွန်မ နင်းလာသော စက်ဘီးခွေမှ စပုတ်တိုင်များ ပတ်ချာလည်နေသလို ကျွန်မခေါင်းထဲတွင်လည်း 'ဓာတ်ပုံဆိုင်ဖွင့်ပေါ့' 'ဓာတ်ပုံဆိုင်ဖွင့်ပေါ့' ဆိုသော အတွေးများ ပတ်ချာလည်လျက် ပါလာကြတော့သည်။ အသက်ကလည်း ၂၀ ကျော်ခါမျှလေး ရှိသေးတော့ ဓာတ်ပုံဆိုင်သာ ဖွင့်ချင်သည် ဘယ်ကစ၍ ဘာလုပ်ရမှန်း မသိ။ ကြက်ဥ အစရှာ၍ မရသလို အဖြစ်မျိုး။

ကိုယ့်ဘဝ ကိုယ်မပိုင်သည့် အနေမို့ ဝါသနာပါသည့်အလုပ်ကို မလုပ်ရတော့ အိမ်မှာထိုင်ပြီး တမှိုင်မှိုင် တငိုင်ငိုင်နှင့် ငြိမ်နေသည်ကို အိမ်သားများ သတိပြုမိကြသည်။ ကျွန်မကို ယောက်မအသီးသီးက မချစ်ကြ၍ မဟုတ်ပါ။ ကျွန်မ ဆံပင်ကုပ်ဝဲကိုပင် သိမ်း၍ မမီသေး၊ နားဆွဲလေးတွဲလောင်းနှင့် သူတို့မောင်ရဲ့နောက်မှ ကုပ်ချောင်းချောင်းပုံစံလေးနှင့် ပါလာတော့ အားလုံးက ကျွန်မရဲ့အဖြစ်ကို ဝိုင်းသနားကြ၊ ဝိုင်းချစ်ကြပါသည်။ ကျောင်းမှထွက်ခါစ လူ့လူ့ရေးလည်းနားမလည် ငွေကြေး၏ တန်ဖိုးကိုလည်း ဘာမှမသိဆိုတော့ ကျွန်မကို ဆိုဆုံးမရ၊ စည်းကမ်းထားရ အဖြစ်မျိုးတွေနှင့် ကြုံရသောအဖြစ်မျှသာ။ ဒီအထဲမှာ ကျွန်မကို ပို၍ ချစ်သော သူက ယောက်မအငယ်ဆုံး 'မမသန်း' ဖြစ်ပါသည်။

ဓာတ်ပုံရိုက်ခွင့်မရှိတော့ စိတ်မသာယာသည်နှင့် အပြင်လည်း မထွက်တော့။ အိမ်မှာငြိမ်နေရင်းက စာမေးပွဲဖြေမည်ဆိုပြီး စာထိုင်ကျက်နေလိုက်သည်။

'ကဲ နင်စာတွေ ထိုင်ကျက်မနေနဲ့၊ လခစားလုပ်ဖို့လည်း စိတ်ကူး မနေနဲ့၊ စီးပွားရေးလုပ်တတ်မှ ချမ်းသာတာ၊ စိန်ရွှေအရောင်းအဝယ်သင်၊ နင့်ကို ပွဲစားကိုအေးနဲ့ အပ်ပေးထားမယ်၊ စိန်တို့၊ ရွှေတို့ရောင်းတော့ လူချမ်းသာတွေနဲ့ပဲ ဆက်ဆံရတာ၊ နောက်ပြီး အမျိုးသမီးတွေကပဲ ဒါကို စိတ်ဝင်စားတာ၊ မိန်းမချင်း ပြောရ ဆိုရတာ ပိုအဆင်ပြေတယ်၊ ဒါက အကျိုးအမြတ်လည်း များများစားစား ရတယ်၊ မရောင်းရခင် ကိုယ်ဝတ်ထားလို့လည်း ဖြစ်တယ်၊ စိန်တွေ၊ ရွှေတွေ

mgyoe.com

mgyoe.com

အမျိုးမျိုး အလဲအလှယ်ဝတ်ရတာ ဘယ်လောက် ကောင်းလဲ'ဆိုပြီး ကျွန်မကို စိန်ရွှေရတနာ အရောင်းအဝယ်သင်ဖို့ 'ဦးလေးအေး'လက်အပ် ထားလိုက်ကြသည်။

'ဦးလေးအေး'က မျက်နှာကြီး အသိုင်းအဝိုင်းတွင် လူသိများသော စိန်ရွှေပွဲစား၊ အပြောကလည်း ကျသည်၊ လူကလည်း မင်းသားလို ပုံစံမျိုး။ အသက်ကြီးပေမယ့် နုနုရွရွ လှလှပပဆင်ပြီး အမြဲ ကြော့နေသည့် အဘိုးကြီး။

'ဦးလေးအေး'က နေ့စဉ် ကျွန်မတို့အိမ်သို့ လာသည်။ ပစ္စည်းများ ပြသည်။ အပြစ်အနာအဆာကြည့်တတ်အောင် ပြသည်။ အလေးချိန်ကအစ နားလည်အောင် သင်ပေးသည်။ ကျွန်မကို ပြောတတ်ဆိုတတ်ရှိအောင် ဆိုပြီး သူနှင့်အတူ လိုက်၍ အရောင်းအဝယ်လုပ်ရသည်လည်း ရှိသည်။ မမသန်းတို့က ဈေးတော်သော ပစ္စည်းကောင်းမျိုး ကြုံကြိုက်လျှင် ဝယ်ထားပြီး ဈေးကောင်း ရလျှင် ပြန်ထုတ်ရောင်းနှင့် အိမ်တွင် နေရင်း ထိုင်ရင်း အလုပ်ဖြစ်နေသည့် အခါလည်း ရှိသည်။

ကျွန်မ အလှအပ ကြိုက်သည်မှာ မှန်ပါ၏။ လက်ဝတ်ရတနာထက် ကျွန်မက အဝတ်အစားကို ပိုပြီး နှစ်သက်သည်။ အဖိုး တန်သည်၊ မတန်သည် ရွေးသည်မဟုတ်။ အဆင်လှမှ၊ အသွေးကျမှ၊ ကျွန်မ အကြိုက်ဖြစ်မှ ဆိုတာမျိုးကို ကြေးများပြီး စိတ်ကြိုက် တွေ့တိုင်း ဝယ်သည်၊ ဝတ်သည်။ လက်ဝတ်ရတနာကျတော့ သိပ်ပြီး မက်မက်မောမော မရှိလှ။ နားကပ် ကောင်းကောင်း တစ်စုံ၊ လက်စွပ် လှလှ တစ်ကွင်းနှင့် ထိုက်ထိုက် တန်တန် နာရီတစ်လုံး လက်မှာပတ် ထားရလျှင် ကျေနပ်နေသည်။



မမသန်းတို့က–

'မိန်းမဆိုတာ စိန်တို့၊ ရွှေတို့ ဖုရတယ်၊ ဒါမှ တုံးလုံးစား၊ တစ်နေ့ကျ အသုံးဝင်တာ' ဟု ဆုံးမလည်း နားမလည်။ ဘာဝတ်

mgyoe.com SAMPLE BOOK

ချင်တယ်၊ ညာဝတ်ချင် တယ်ဟု ပူဆာရကောင်းမှန်း မသိ။ လိုချင်ရကောင်းမှန်း မသိ။

'ကိုကို၊ ဒါလေး ဈေးတော်လို့ ကျွန်မ ယူထားလိုက်တယ်၊ ကောင်မလေး ပန်ဖို့'ဆိုပြီး နားကနားကပ်သေးသေးနှင့် ကြီးကြီးလဲပြီး လာဆင်ပေးလျှင် ဝတ်ထားလိုက်ပြီး 'ကုန်တွေလှောင်ဖို့ ငွေလိုတယ်၊ အဲဒီနားကပ်ရောင်းဦးမှ' ဆိုပြီး ခင်ပွန်းလုပ်သူက ပြောလျှင်လည်း လွယ်လွယ်ကူကူ ချွတ်ပေးလိုက်သည်။ အဲသည့်အခါမျိုးဆိုလျှင် မမသန်းထံမှ အဆူအပူခံရပြီပဲ။

'အသုံးကို မကျဘူး၊ ငါက နင့်ကို အဖတ်တင်ပါစေဆိုပြီး တမင်ဝယ် ပေးခိုင်းထားတာ၊ မိန်းမဆိုတာ ယောကျ်ားနားဝင်အောင် ပြောတတ်ဆိုတတ် ရတယ်၊ ကိုယ့်ဖို့ဖြစ်အောင် စုတတ်ရတယ်၊ ဘာမှလည်း နားမလည်ဘူး'

ဟုတ်ပ။ ကျွန်မနားလည်သည်က စိန်လည်းမဟုတ်၊ ရွှေလည်းမဟုတ် ဓာတ်ပုံပဲ ဖြစ်နေသည်က ခက်သည်။ စိန်ရွှေအလုပ်ကိုလည်း စိတ်မဝင်စား။ အထူးသဖြင့် သူများ မဝယ်ချင် ဝယ်ချင်အောင် ကိုယ့်ပစ္စည်းကိုယ် အမွှမ်း တင်ပြီး ရှည်ရှည်ဝေးဝေးတွေ ပြောပြ တိုက်တွန်းနေရသည့်အဖြစ်ကို ကျွန်မ လုံးဝ မကြိုက်။ ကိုယ့်ကို တစ်စုံတစ်ဦးက အတင်းလာတိုက်တွန်းတာမျိုးကို မနှစ်သက် မခံချင်သလို သူများကိုလည်း ကိုယ်က မလုပ်လို။ စကားကိုလည်း သူတစ်ပါး စိတ်ဝင်စားအောင် ဖွဲ့ဖွဲ့နွဲ့နွဲ့ကလည်း မပြောတတ်။ သည်တော့ ကျွန်မနှင့် စိန်ရွှေအရောင်းအဝယ် ပွဲစားအလုပ်က မဖြစ်၊ စိတ်ညစ်ရသည်။

ကျွန်မ စိတ်ညစ်နေတာကို အားလုံးက သိသည်။ တစ်ည လူစုံစုံ အချိန်တွင် ခင်ပွန်းလုပ်သူက အရောင်းအဝယ်အကြောင်းမေးတော့ ကျွန်မက ဝမ်းနည်းပြီး မျက်ရည်ပေါက်ပေါက်ကျအောင် ငိုချလိုက်သည်။

'ဒီစိန်ရွှေ အလုပ်ကြီးကို မလုပ်ချင်ပါဘူး'ဟု ငိုရင်း ရှိုက်ရင်း ပြောတော့-

'ဒါဖြင့် နင်က ဘာလုပ်ချင်တာလဲ'

'ဓာတ်ပုံဆိုင် ဖွင့်ချင်တာ'

ကျွန်မ ပြောပုံကို သဘောကျပြီး အားလုံးက အော်ဟာစ်ရယ်လိုက်ကြ သည်။ ကျွန်မက လေးလေးနက်နက် ပြောလိုက်သော စကားကို သူတို့က အလွန်ကောင်းသော ပြက်လုံးတစ်ခု ကြားရသလို သဘောထားကြသည်ကို တွေ့တော့ ကျွန်မ ပို၍ ဝမ်းနည်းပြီး ရှိုက်၍ ထပ်ငိုလိုက်သည်ပေါ့။

mgyoe.com

မလုပ်ချင်သော စိန်ရွှေအရောင်းအဝယ်အလုပ်ကြီးကို သင်ရင်း တစ်နေ့ လမ်းကြုံသည်နှင့် ကိုကျော်၏ ဓာတ်ပုံတိုက်ကို ဝင်ဖြစ်သွားသည်။

'ဘယ်လိုလဲဟ၊ ပျောက်လှချည်လား'ဟု ကိုကျော်က ကျွန်မကို မြင်တော့ ဝမ်းသာအားရ ထလာပြီး နှုတ်ဆက်သည်။

"အေးဗျာ၊ ဓာတ်ပုံမှ မရိုက်ဖြစ်တော့တာဆိုတော့ မလာဖြစ်ဘူးပေါ့"

"ငါပြောသားပဲ၊ မင်း ဓာတ်ပုံရိုက်ချင်ရင် ဓာတ်ပုံဆိုင်ဖွင့်ဆိုတာ"

"နေပါဦး၊ ကိုကျော့်ဆိုင်မှာ ရိုက်တဲ့ကင်မရာကြီးက ဘယ်လောက် ပေးရလဲဟင်"

"ကင်မရာက ရှစ်ရာ၊ တစ်ထောင်ဆို ရပါတယ်၊ အသစ်တော့ မရဘူးပေါ့၊ အဟောင်းရှာဝယ်ရမှာ ၊ တခြားပစ္စည်းတွေပါ အားလုံးပေါင်းရင် နှစ်ထောင်လောက် ဆိုရင်ရတယ်ကွာ၊ ပုံချဲ့စက် Enlarger တို့ ဘာတို့လည်း ဝယ်ရဦးမှာ "

"အဲဒီ ပိုက်ဆံရအောင် ဘယ်လိုလုပ်ရမလဲ၊ ကျွန်တော် စဉ်းစားလိုက် ဦးမယ်ဗျာ"

'ဘကြီးအောင် ညာတယ်'ဆိုတဲ့ ပုံပြင်ထဲကလို ကျွန်မ စိတ်ကူးအိပ်မက် တွေမက်ပြီး သည်ငွေ ၂၀၀၀ ရရှိရေး နည်းမျိုးစုံတွေးကြည့်နေမိသည်။ ကျွန်မ လက်ထဲတွင် တိုလီမိုလီ အသေးသုံးအတွက် ငွေတစ်ဆယ် နှစ်ဆယ်ထက် ဘယ်တော့ မှ ပို၍ မရှိ။ သည်တော့ ၂၀၀၀ ဆိုသည့် ငွေကြီးကို ဘယ်လိုရအောင် ရှာရမည် မသိ။ အကြံထုတ်၍ မရသည့်အဆုံးတွင် အရဲစွန့်၍ ကျွန်မခင်ပွန်းကို ပြောပြ ပါသည်။

ကျွန်မ၏ ခင်ပွန်းက ကျွန်မထက် အသက်အားဖြင့် ၃၀ ခန့်ကြီးပါ သည်။ အသက်အရွယ်ကိုလိုက်၍ အဖေလို၊ ဦးလေးလို ရှိသေရသည်။ ကိုယ်က ငယ်ရွယ်သူဖြစ်သည်မို့ အမြဲတမ်း ဩဇာနာခံရသောအဖြစ်နှင့် ဘာမှ ရဲရဲဝံ့ဝံ့ မပြောရဲပါ။ ဓာတ်ပုံဆိုင်ဖွင့်ချင်သည့် ရောဂါက အလွန်အမင်း ရင်ထဲမှာ ဖြစ်ပေါ်နေ၍သာ အောက်ကျို့ခံ အသနားခံပြီး စွန့်စားရခြင်းမျိုးနှင့် စကား စမိပါသည်။ အဆဲခံရမှာစိုး၍ အနားမှာ မမသန်းကို စစ်ကူခေါ်ထားရသေးသည်။

'ခင် ဦးလေးအေးနဲ့ စိန်ရွှေအလုပ်သင်ရတာ မလုပ်ချင်တော့ဘူး၊ အိမ်မှာလည်း ဒီအတိုင်းထိုင် အချိန်ဖြုန်းမနေချင်ဘူး၊ အလုပ်တစ်ခုခု လုပ်ချင်တယ်၊ အဲဒါ ခင် ဝါသနာပါတဲ့၊ ခင်လုပ်တတ်တဲ့ ဓာတ်ပုံဆိုင်ဖွင့်ချင်လို့'

mgyoe.com

mgyoe.com

မရဲတရဲနှင့်ပြောလို့မှ စကားမဆုံးသေး''ဘာ''ဆိုသော ဟောက်လိုက်သံကြောင့် ကျွန်မ ဆက်မပြောရဲတော့ ။ မျက်နှာငယ်လေးနှင့် မမသန်း မျက်နှာကိုသာ လှမ်းကြည့်ဖြစ်သည်။ မမသန်းက ကျွန်မနှင့် ဓာတ်တိုက်ထားပြီး ဖြစ်သည်မို့-

''ကိုကိုရယ်၊ သူပြောတာလည်း ဆုံးအောင် နားထောင်ပါဦး၊ သူကမှ အရောင်းအဝယ်အလုပ်ကို ဝါသနာမပါတာ၊ ဆက်လုပ်နေလည်း ဘာမှ ထွန်းကားမှာ မဟုတ်ဘူး၊ ဓာတ်ပုံရိုက်တာကျတော့ ဟုတ်လို့ပဲဆိုတာ ကျွန်မတို့ မြင်နေရတာပဲ ၊ သူလုပ်ချင်တာ လုပ်ပါစေ၊ သူလိုတယ်ဆိုတဲ့ငွေကလည်း များများ မဟုတ်ပါဘူး၊ နှစ်ထောင်တည်း တောင်းတာပါ''

မမသန်းက ပြေပြေလည်လည် ရှင်းပြတော့ ကျွန်မခင်ပွန်းက နားထောင်နေသည်။ ပြီးမှ-

'နင် ရိုက်တဲ့ဓာတ်ပုံက အပျော်ရိုက်တာ၊ ဓာတ်ပုံဆိုင်ဖွင့်ပြီး ရိုက်တယ် ဆိုတာက ပညာရှင်ဖြစ်သွားပြီ၊ ပြီးတော့ လူတွေနဲ့ဆက်ဆံရတဲ့ စီးပွားရေး အပိုင်းက ရှိသေးတယ်၊ နင်က ဘာနားလည်လို့ ဓာတ်ပုံဆိုင် တက်ပြီး ဖွင့်ချင်ရတာလဲ၊ ခု မကြောင့်မကြ နေရထိုင်ရတာ ဘာပူစရာလိုလို့လဲ''

သူက လူကြီးပီပီ အချက်အလက်ပြည့်စုံစွာ စဉ်းစားပြီးပြောခြင်း ဖြစ်ပါသည်။

ကျွန်မ မပူမပင် မကြောင့်မကြ နေရသည်မှာ မှန်ပါ၏။ ကျွန်မမှာ ချေပစရာစကားမရှိပါ။ ဓာတ်ပုံဆိုင်ဖွင့်ချင်တာက ကျွန်မပညာရှင်တစ်ယောက်လို တော်လို့လည်းမဟုတ်၊ တတ်လို့လည်းမဟုတ်၊ ဓာတ်ပုံရိုက်နေရတဲ့အဖြစ်ကို လုပ်ချင်လို့သာ၊ ဝါသနာတည်းဟူသော ပိုးက တရွရွဖြစ်နေ၍သာ ပူဆာမိခြင်း ဖြစ်ပါသည်။ ကျွန်မကို အရင်ကလို လစဉ်သုံးငွေပေးနေလျှင်လည်း ဓာတ်ပုံဆိုင် ဖွင့်ချင်သည်အထိ ရည်မှန်းချက်ရှိမည် မဟုတ်ပါ။ ဒီလိုပဲ ဖလင်ဖိုး၊ ဓာတ်ပုံ ကူးဖိုးတွေနှင့် ကုန်အောင် ဖြုန်းရင်း ပြီးသွားမယ့်အဖြစ် ဖြစ်ပါသည်။

ယခုတော့ ဓာတ်ပုံမရိုက်ရ ပိတ်ပင်တားဆီးလိုက်သည့် အချက်ကနေ ကြီးထွားလာပြီး ကိုကျော်က ကျွန်မကို ဓာတ်ပုံဆိုင်ဖွင့်ချင်အောင် ဦးနှောက် ထဲတွင် မျိုးစေ့ချပေးလိုက်ပြန်တော့ ရောဂါက သည်းလာခြင်းမျှသာ။

''မပူမပင်နေရတာတော့ ဟုတ်ပါတယ် ကိုကိုရယ်၊ ဒါပေမဲ့ သူ ဝါသနာပါတာလုပ်ရင် ခုစိန်ရွှေ အရောင်းအဝယ်ထက် ပိုပြီးဖြစ်ချင်ဖြစ်လာမှာပေါ့။

mgyoe.com

 SAMPLE BOOK 

သူစိတ်တဲကျေနပ်အောင် စမ်းလုပ်ကြည့်ပါစေ၊ နှစ်ထောင်ဆိုတာ မများပါဘူး၊ ထုတ်ပေးလိုက်ပါ၊ နောက်ပြီး ကိုကျော်ကလည်း သူ့ကို ကူညီပေးမယ်လို့ ပြောပါတယ်တဲ့၊ အောင်မြင်ရင် ပြန်ဆပ်ပါ့မယ်လို့လည်း ပြောပါတယ်''

မမသန်းက အလျှော့မပေးဘဲ ကျွန်မဘက်က ရပ်တည်ပြီး သူ့အစ်ကိုကို တိုက်တွန်းတော့မှ–

''အေး–ကောင်းပြီ၊ အဲဒီ နှစ်ထောင် ပြန်ဆပ်စရာလည်း မလိုဘူး၊ နောက်ထပ် ထပ်ပြီး တောင်းဖို့လည်း မစဉ်းစားနဲ့၊ တစ်ပြားမှ မရဘူးမှတ်၊ ဖြစ်ဖြစ်မဖြစ်ဖြစ် ငါ ဘာမှ မကြားချင်ဘူး။ ဒါ အပြတ်ပေးတာ''ကို နင်နားလည်ထားရမယ်။

သူ့စိတ်ထဲတွင် ဒီ ၂၀၀၀ ကျွန်မကို ပေးလိုက်ရတဲ့အတွက် ရေထဲပစ်ချလိုက်ရင်တောင် 'ပလုံ' ဆိုသော အသံ ကြားလိုက်ရဦးမည်၊ ကျွန်မဓာတ်ပုံဆိုင် ဖွင့်လို့ကတော့ ဘာသံမှ မကြားလိုက်ရဘဲ လေထဲ လွင့်သွားမည်ဟု ထင်မှတ်ပုံရသည်။

ငွေ ၂၀၀၀ ရတော့ ကျွန်မ အူမြူးနေသည်။ ဘကြီးအောင်ရဲ့ ယမင်းရုပ်လေး မြင်နေရတဲ့ကလေးလို ကျွန်မက Studio Camera ကင်မရာတွေ ၊ အမှောင်ခန်းထဲက Enlarger တွေ မျက်စိထဲမြင်ပြီး ကျေနပ်ကြည်နူးမိသည်ပေါ့။

သတင်းကောင်းပါးဖို့ ကိုကျော့်ဆီကိုလည်း အပြေးအလွှား သွားပြောလိုက်သေးသည်။ ထိုနေ့က ကျွန်မရဲ့စက်ဘီးကို ဆိစက်စာရေး ကိုကြည်က ငှားစီးသွားပါသည်။ ကိုကြည်ပြန်လာတဲ့အထိ မစောင့်နိုင် မအောင့်နိုင် ဖြစ်ပြီး ကျွန်မ ကုန်းကြောင်းလျှောက်ပြီး ကိုကျော့်ရဲ့ ဓာတ်ပုံဆိုင်ရှိရာ ဈေးတန်းသို့ သွားသည်။

''ကိုကျော်ရေ၊ ကျွန်မ ငွေ နှစ်ထောင် ရခဲ့ပြီဗျို့''

ဓာတ်ပုံဆိုင်အဝကနေ အော်ကြီးဟစ်ကျယ် ပြောရင်း ကျွန်မ ဝင်သွားသည်။

''အေး...ကောင်းတာပေါ့''

ကိုကျော်ကလည်း ကျွန်မအတွက် ဝမ်းသာနေပုံရသည်။

ကျွန်မကို ကိုကြီးကပြောတယ်၊ 'နင်က အပျော်ပဲ ရိုက်တတ်တာ၊ ဘာနားလည်လို့ ဓာတ်ပုံဆိုင် တက်ဖွင့်ချင်ရတာလဲ'တဲ့၊ အဲဒါ ဟုတ်တော့ ဟုတ်တယ်၊ ကျွန်မ စတူဒီယိုထဲမှာမှ မရိုက်ဖူးတာ၊ ဖြစ်ပါ့မလားဟင်''

''ဟာ...ဖြစ်ပါတယ်ကွ၊ အခြေခံ သဘောက အတူတူပါပဲ၊ ငါ

mgyoe.com

mgyoe.com SAMPLE BOOK

အားလုံးပြပေးမယ်၊ စတူဒီယိုထဲမှာကျတော့ အလင်း၊ အမှောင်ယူရတာတွေ ရှိတာပေါ့၊ အပြင်မှာ ရိုက်ရတာနဲ့တော့ မတူတာတွေရှိတယ်၊ အပြင်မှာကျ ကိုယ်က အလင်းရောင်ကို မပြုပြင် မဖန်တီးနိုင်ဘူး၊ ရှိတဲ့အလင်းရောင်ပေါ် မူတည်ပြီး ရိုက်ရတာ စတူဒီယိုထဲကျတော့ ဖန်တီးလို့ ဖြစ်တယ်''

ကိုကျော်က စိတ်ရှည်စွာနှင့် ကျွန်မကို သဘောတရား ဘယ်လို ကွာခြားမှုရှိတယ် ဆိုတာမျိုးကို ရှင်းပြပါသည်။

''မင်း ငါ့ဆီမှာ အသားတကျဖြစ်အောင် လာလာပြီး လေ့လာဦး၊ ကင်မရာ သဘောချင်းကလည်း မတူဘူး၊ အခြေအနေ အရပ်ရပ်ချင်းလည်း မတူဘူး၊ သိစရာ သင်စရာတွေတော့ အများကြီးပေါ့ကွာ၊ ဒီလိုပဲ လက်တွေ့လုပ်ရင်း မြင်တတ် သိတတ် သွားမှာပါ၊ မင်းက ဒီလောက် ဝါသနာကြီးတာပဲ၊ လက်စလည်း ရှိပြီးသား၊ မပူပါနဲ့''

အလုပ်သဘောတွေ ရှင်းပြပြီးတော့ ကင်မရာအကြောင်း စကား ရောက်သွားပါသည်။

''ကင်မရာတွေ အခု စစ်ပြီးခါစဆိုတော့ အတော်ရှားနေတာ၊ဓာတ်ပုံ ပစ္စည်းအရောင်းဆိုင်တွေကလည်း ပြည့်ပြည့်စုံစုံ ရှိကြသေးတာမဟုတ်ဘူး၊ ငါကြားတာတစ်ခုရှိတယ်၊ စိန့်ပန်းထဲမှာ ကိုသန်းမောင်ဆိုတာ စစ်မဖြစ်ခင်က ဓာတ်ပုံဆရာပဲ၊ ခု သူက ကျန်းမာရေးမကောင်းလို့ မလုပ်တော့ဘူး၊ အဲဒါ သူ့ကင်မရာကို ရောင်းမယ်လို့ကြားတယ်၊ သွားကြည့်ပြီး ဈေးဆစ်ဝယ်တာပေါ့''

''Enlarger ကျတော့ကော''

''ဒါလည်း ရပါတယ်၊ ဒီလိုပဲ ရှာရမှာပေါ့ကွာ၊ မရသေးခင်လည်း ဘာဖြစ်လဲ၊ ပုံချဲ့စရာရှိရင် ငါ့ဆီက Enlarger နဲ့ပဲ ချဲ့ဦးပေါ့၊ ဒီလိုပဲ မင်းအခြေ တကျ မဖြစ်ခင်အထိ ငါ ကူညီပေးပါ့မယ်''

ကျွန်မ ကံကောင်းလိုက်သည်မှာ တကယ့်သူတော်ကောင်းနှင့်တွေ့ရ ခြင်းပါပဲ။ ကိုကျော်က ကျွန်မကို တကယ့်အစ်ကိုကြီး တစ်ယောက်လို အစစ အရာရာ လုပ်ငန်းနှင့် ပတ်သက်သမျှ၊ နားမလည်တာမှန်သမျှ ရှင်းပြ သင်ပြ။ အကူအညီမှန်သမျှကိုလည်း စိတ်ရော ကိုယ်ပါ ကူညီပေးရှာပါသည်။

''ကင်မရာဝယ်တာက ဟုတ်ပါပြီ၊ မင်းက ဘယ်နေရာမှာ ဆိုင်ဖွင့်မှာလဲ''

''ဟင့်အင်း၊ အဲဒါ ကျွန်မ မစဉ်းစားသေးဘူး''

mgyoe.com



ခင်မကြီး

"သေလိုက်ပါတော့ကွာ၊ မင်း တော်တော်အူတဲ့ ဟာမလေးပဲ၊ အလုပ်တစ်ခု လုပ်တော့မယ်ဆိုရင် Location နေရာက အရေးကြီး တာကွ၊ ဘယ်နေရာမျိုးက အသွား အလာ စည်ကားသလဲ၊ ဘယ်လို လူတန်းစား တွေရှိတဲ့ ပတ်ဝန်းကျင် လဲ၊ ကိုယ့်လုပ်ငန်းနဲ့ အပ်စပ်တဲ့ နေရာမျိုး ဖြစ်သလား၊ အရင် စဉ်းစားရတာ ရွေးရတာ၊ ငါက မင်း အဲဒီလို စိတ်ကူးထားပြီးသား နေရာရှိထားပြီးလို့ ခုလာပြီး ဆွေးနွေးနေတာ လို့ ထင်တာ"

"အင်းနော်၊ ဟုတ်တယ် နော်၊ ကျွန်မက ဓာတ်ပုံကင်မရာ ဝယ်ဖို့ကိုပဲ အရင်စဉ်းစားမိတာ လေ"

"နေပါဦး၊ မင်းမှာ ခုရှိတဲ့ငွေ နှစ်ထောင်က ပစ္စည်းဝယ်တာနဲ့ ကုန်မှာ၊ ဒါတောင် အပေါင်းတွေကို စိတ်ရှည်လက်ရှည် လိုက်ရှာဝယ်ရမှာ၊ အကုန် ပြည့်စုံမှာ မဟုတ်ဘူး၊ ဆိုင်အဖြစ် စရုံပဲ ရှိဦးမှာ၊ တဖြည်းဖြည်းနဲ့ ဒီလိုပဲ ထပ်ဖြည့်ရတာပဲ၊ ငါဖွင့်စကလည်း မပြည့်မစုံ စရတာ၊ ပြီးမှ ဖြည့်ဆည်းယူ ရတာမျိုး၊ ခု မင်းက နေရာတောင် မရှာရသေးဘူး၊ နေရာအတွက် စပေါ်က ငွေ သုံး၊လေး၊ငါးထောင်ထပ်ကုန်ရဦးမှာ ရှိသေးတယ်၊ အဲဒါရော မင်းစဉ်းစား မိရဲ့လား"

"ဟင့်အင်း၊ ခင်ဗျားပဲပြောတာလေ၊ ငွေ နှစ်ထောင်ဆို လောက်တယ်ဆို"

"မယ်မင်းကြီးမ၊ ငါတော့ လဲတောင် သေချင်တယ်ကွာ၊ မင်းက ကင်မရာဝယ်ရင်၊ ပစ္စည်းဝယ်ရင် ဘယ်လောက် ကျမလဲလို့ မေးလို့ ငါက ပစ္စည်းဖိုးပဲပြောလိုက်တာ၊ မင်းဒီပုံစံနဲ့ စီးပွားရေးလုပ်လို့ မဖြစ်သေးဘူးဟေ့၊ အဲဒီ နှစ်ထောင် မင်းအဘိုးကြီးကိုသာ ပြန်ပေးလိုက်ပေတော့"

ကိုကျော့်စကား ကြားလိုက်ရတော့ ကျွန်မ မျက်ရည်ပဲသွားပါသည်။ ဟုတ်လည်း ဟုတ်ပါ့။

mgyoe.com

mgyoe.com
SAMPLE BOOK

ငယ်ငယ်က ဘော်ဒါဆောင်မှာ ဓာတ်ပုံဆိုင်ဖွင့်တမ်း ကစားခဲ့သလို အခုလည်း ကျွန်မ စိတ်ကူးယဉ်စွာဖြင့် အိပ်မက်ထဲမှာ ဓာတ်ပုံဆိုင် ဖွင့်နေခြင်း သာဖြစ်ပါသည်။ လက်တွေ့ကျတော့ တခြားစီပါပဲလား။

ကျွန်မ စိတ်ဓာတ်ကျစွာနှင့် နှုတ်ဆက်ပြီး ပြန်လာခဲ့ပါသည်။ ကျွန်မ၏ စိတ်ကူးယဉ် ဓာတ်ပုံဆိုင်ကြီး အစိတ်စိတ်အမြွာမြွာ ပြိုကွဲသွားလေပြီပဲ။ ခေါင်း ငိုက်စိုက်နှင့်လျှောက်လာသော ကျွန်မကို -

"ဟော့-ခင်၊ ဘယ်က ပြန်လာတာလဲ"ဟူသော အမေးတစ်ခုကြောင့် ခေါင်းမော့ကြည့်လိုက်မိပါသည်။

ရုံတော်ကြီးထိပ် ဘဂဝမ်ဒတ်စ် ဘုရားကျောင်းရှေ့တွင် ရပ်နေသော ကျောင်းနေဖက်သူငယ်ချင်း မစိန်ရင်ကို တွေ့ရသည်။

"ကျော်ဓာတ်ပုံတိုက်က ပြန်လာတာ "

"ဘာဖြစ်လာတာလဲဟဲ့၊ ရွှေမျက်နှာတော်က ညိုလို့ပါလား"

"အေးဟယ်၊ တို့များအသုံးမကျတာ ကိုယ့်ဟာကိုယ်တွေးပြီး ရှုတ်ချ လာမိတာပါ"

"မိရွှေခင်ရာ၊ နင်ကတော့ လုပ်ပြီ၊ ကိုယ့်ဟာကိုယ်ရှုတ်ချရသေးလို့ပဲ"

"မင်းမသိပါဘူး မစိန်ရင်ရာ၊ တို့ အသုံးမကျတာ၊ တကယ်ကိုမကျတာ၊ ဓာတ်ပုံဆိုင်ဖွင့်ချင်လို့ဆိုပြီး ကိုကြီးဆီက ငွေ နှစ်ထောင်တောင်းလာတာ၊အခု ကိုကျော်နဲ့ သွားတိုင်ပင်တော့ အဲဒီ နှစ်ထောင်က ပစ္စည်းဖိုးပဲ ရှိတယ်တဲ့၊ အိမ်ငှားဖို့ မပါသေးဘူး"

"ဒါဖြင့် အိမ်ငှားဖို့ ထပ်တောင်းပေါ့ဟဲ့"

"အောင်မယ်လေး၊ တက်သေသွားနိုင်တယ် အမိရေ၊ ငါ့ကို ဒီငွေ နှစ်ထောင်တောင် ဆောင့်အောင့်ပြီး ပေးလိုက်တာပါနော်၊ ဒါအပြတ်၊ နောက်ထပ် ဘာမှမရဘူးတဲ့"

"စီးပွားရေးတစ်ခုစတာ ငွေ နှစ်ထောင်နဲ့ ရမလား ခင်ရ၊ သူလည်း စီးပွားရေးသမားပဲ၊ နားလည်ရမှာပေါ့"

"အေး- နားလည်ရင်လည်း နားလည်မှာပဲ၊ ဒါပေမဲ့ ငါတော့ ငါ့ စကားနဲ့ငါမိနေပြီ၊ ထပ်လည်းမတောင်းရဲတော့ဘူး၊ အဲဒီတော့ ငွေ နှစ်ထောင် ပြန်ပေးလိုက်ဖို့ပဲ ရှိတော့တယ်၊ ငါ သိပ်လုပ်ချင်တဲ့ ဓာတ်ပုံအလုပ် မလုပ်ရတော့ တာ ငါ စိတ်မကောင်းဖြစ်တာပါဟာ"

mgyoe.com

mgyoe.com SAMPLE BOOK

“နေဦး၊ နေဦး၊ ငါတို့တိုက်တစ်လုံး လက်ဆည်ကန်မှာ ဆောက်တာ တစ်လောကပဲ ပြီးသွားပြီ၊ အဲဒါ လူငှားတင်မယ်လို့ ငါ့ယောကျ်ားက ပြောတယ်၊ နင် သူနဲ့ စကားပြောကြည့်ပါလား လာ၊ အပေါ်မှာ သူရှိတယ်”

မစိန်ရင်က လက်ကို အတင်းဆွဲခေါ်သွားလို့သာ ကျွန်မ သူ့နောက်က လိုက်သွားရသည်။ ဘာပြောလို့ ပြောရမှန်းမသိ။ ခေါင်းထဲတွင်လည်း ဘာ ရည်ရွယ်ချက်မှ မရှိ။

“ဒီမှာ၊ ကျွန်မသူငယ်ချင်းက ဓာတ်ပုံဆိုင်ဖွင့်ဖို့ နေရာရှာနေတာတဲ့၊ ကျွန်မတို့တိုက် လူငှားရှာမယ်ဆိုလို့ ခေါ်လာတာ”

သူက ဦးဆောင်ပြီး ပြောချလိုက်တော့ ကျွန်မက နားဝေတိမ်တောင်နှင့် ကုလားထိုင်မှာ ထိုင်ချရင်း အငေးသားကြည့်နေပါသည်။

“ဟုတ်လား၊ နေရာကြည့်ပြီးပြီလား”

သူ့ယောကျ်ား ဆရာဝန်ဘိုင်ကတော့ -

“ဟင့်အင်း၊ မကြည့်ရသေးပါဘူး၊ ကျွန်မက နေရာမရှိလို့ ဓာတ်ပုံ ဆိုင် မဖွင့်နိုင်ဘူးလို့ ပြောတာပါ၊ ငှားမယ်လို့ မပြောရသေးပါဘူး”

ကျွန်မရဲ့ မရေမရာအဖြေကို ဆရာဝန်ဘိုင်က နားမလည်၊ ဘာကြောင် တာလဲဆိုတဲ့ ပုံစံမျိုးပေါ့။

“အေးလေ၊ နင်ပဲ နေရာမရှိလို့ဆို၊ ဒါကြောင့် ငါက စကားပြောဖို့ ခေါ်ခဲ့တဲ့ဥစ္စာ”

“အေး-ဟုတ်ပါတယ်၊ ဒါပေမဲ့ ငါ့မှာ ငှားစရာပိုက်ဆံမှ မရှိတာ” ဟုပြောရင်း ကျွန်မက မျက်ရည်အဝဲသားနှင့် ဖြစ်ကြောင်းကုန်စင်ကို မစိန်ရင်တို့ ဇနီးမောင်နှံအား ရှင်းပြပါသည်။ ကျွန်မစကားအဆုံးတွင် ဆရာဝန်ဘိုင်က ဟားတိုက် ရယ်ပါတော့သည်။

“ကိုင်း-ဒါဆို ဒီလိုလုပ်၊ ခင်ဗျားနေရာကို ကြိုက်လား၊ မကြိုက်လား သွားကြည့်ဦး၊ စငှလမ်းမကြီးပေါ်မှာပဲဆိုတော့ စီးပွားရေးလုပ်ငန်းနဲ့ ကိုက်ပါတယ်”

“မကြည့်တော့ပါဘူး၊ ကျွန်မမှာ စပေါ်ပေးစရာမှ မရှိတာ”

ဆရာဝန်ဘိုင်က ကျွန်မကို ကလေးတစ်ယောက်လိုကြည့်ပြီး ရယ်ပါသည်။

“ခင်ဗျားကို ယုံပါတယ်ဗျာ၊ ကျွန်တော့်မိန်းမ မစိန်ရင်နဲ့ကလည်း ကျောင်းနေဖက် သူငယ်ချင်း၊ နောက်ပြီး ခင်ဗျားခင်ပွန်းနဲ့လည်း ဒီလောက်

mgyoe.com

ခင်မင်ရင်းနှီးနေတာပဲဟာ၊ စပေါ်မပေးပါနဲ့၊ တစ်လကို တစ်ရာ့ငါးဆယ်နဲ့ ငှားမယ်၊ အဲဒါဆို ဖြစ်သလား''

''ဖြစ်တော့ ဖြစ်ပါတယ်၊ ဒါပေမဲ့''

ကျွန်မ စကားဆက်ရ ခက်နေမှန်းသိတော့-

''ဒါပေမဲ့က ဘာဖြစ်စရာ ရှိသေးလို့လဲ၊ လခများတယ်ထင်လို့လား''

''မများပါဘူး၊ ကျွန်မက လက်ထဲမှာက ငွေ နှစ်ထောင်ပဲရှိတာ၊ အဲဒါက လည်း ပစ္စည်းဝယ်တာနဲ့ ကုန်သွားမှာ၊ တကယ်လို့ ဓာတ်ပုံရိုက်မယ့်သူ မလာ ရင် အိမ်လခ ပေးစရာမရှိဘဲ ဖြစ်မှာ စိတ်ပူလို့ပါ''

ကျွန်မအဖြေကို ကြားတော့ ဘယ်လိုအိမ်ငှားမျိုးနဲ့ လာတွေ့နေရသလဲ ဆိုတာမျိုး တွေးထင်နေလေသလား မသိ။

''ကဲ ကဲ၊ ဒါဖြင့် ဒီလိုလုပ်၊ ခင်းဗျားကို ကျွန်တော်ယုံတယ်၊ တိုက်ကို ခြောက်လ ငှားတဲ့စာချုပ် ချုပ်မယ်၊ စပေါ်လည်း ပေးဖို့ မလိုဘူး၊ လခကတော့ တစ်လ တစ်ရာ့ငါးဆယ်ပဲ၊ အဲဒါ ခင်ဗျား အလုပ်ဖြစ်ရင် တစ်လတိုင်း တစ်ရာ့ငါးဆယ် မှန်မှန်ပေးသွား၊ မဖြစ်လို့ မပေးနိုင်ရင် ခြောက်လနေတော့ အိမ်ကို ပြန်အပ်၊ အိမ်လခအကြွေး ကိုးရာကို ခင်ဗျား ရှာကြံပြီး ပြန်ဆပ်ပေါ့၊ သဘောတူလား''

အိမ်ရှင်က ဒီလောက်လိုက်လျောနေတော့ ကျွန်မ ဘာမှ သဘောမတူ နိုင်စရာ မရှိ။

သူတို့တိုက်လို ၈၄ လမ်းမကြီးပေါ်မှာရှိတဲ့နေရာမျိုးကို စပေါ်မပေးရ တဲ့အပြင် အကြွေးနဲ့ငှားလိုက်သေးသည် ဆိုတာ ယုံနိုင်ဖွယ်ပင်မရှိပါ။ ကျွန်မကို ဘုရားနှင့်တကွ နတ်ကောင်းနတ်မြတ်များ စောင့်ရှောက်ကြသည်လို့ပင် ခံယူ မိပါသည်။

ကျွန်မ ခေါင်းငိုက်စိုက်ချ ပြန်လာစဉ်က ကြုံကြုံဖန်ဖန် မစိန်ရင်နှင့်မှ တိုက်တိုက်ဆိုင်ဆိုင် တွေ့ရသည်။ တွေ့ရပြန်တော့လည်း အိမ်ငှားဖို့ အစီအစဉ် မရှိပါဘဲနဲ့ တစ်ထိုင်တည်းနှင့် အိမ်ငှားဖို့ ဖြစ်သွားရပြန်သည်။ အစစ အရာရာ ရေကန်အသင့် ကြာအသင့် ဖြစ်အောင် ကံကြမ္မာက စီစဉ်ပေးနေခြင်း အဖြစ်က တော့ သေချာလှပါသည်။

နောက်တစ်နေ့ မစိန်ရင်ကို ခေါ်ပြီး အိမ်သွားကြည့်ကြသည်။ အဆင်

mgyoe.com

mgyoe.com SAMPLE BOOK


ပြေချင်တော့ အိမ်က တိုက်ခံနှစ်ထပ်အိမ်။ အပေါ်ထပ်ကို စတူဒီယိုလုပ်လို့ ရသည်။ အောက်ထပ်မှာ ရုံးခန်း၊ အလုပ်ခန်း၊ အမှောင်ခန်း၊ ထားစရာအခန်းတွေ ဖွဲ့လောက်အောင် ကျယ်ဝန်းပါသည်။ နေရာကလည်း အသွားအလာစည်ကားသည့် ၈၄လမ်းကြီးပေါ်မှာဖြစ်၍ အဆင်ပြေသည်။ ကျွန်မကျေနပ်သွားပါသည်။

နေရာရပြီဆိုတော့ စိတ်အားတွေ တက်လာသည်။ စက်ဘီးတစ်စီးနှင့် ကိုကျော့်ဆိုင်ပြေးလိုက်၊ ဓာတ်ပုံပညာတွေလေ့လာလိုက်၊ ပစ္စည်းဝယ်စရာတွေ အတူ သွားရှာဝယ်လိုက်နှင့် တစ်နေ့တစ်နေ့ အလုပ်ရှုပ်နေသည်မှာ ထမင်းမေ့ဟင်းမေ့ ဖြစ်ပါသည်။

ဒီကြားထဲမှာ အခက်အခဲကလည်း များစွာရှိပါသည်။ ထိုအချိန်က စတူဒီယိုထဲတွင် ရိုက်သည့် စတူဒီယို ဘီးတပ်ကင်မရာမျိုးမရှိပါ။ အပြင်တွင် ရိုက်သည့် Field Camera ခေါ်သော သုံးချောင်းထောက်၊ ခေါက်ကင်မရာမျိုးကိုပဲ ဝယ်လို့ရသည်။

ကိုကျော်ပြောသော စိန်ပန်းက ကိုသန်းမောင်၏ ကင်မရာကလည်း ပစ်ထားသည်မှာ စစ်တစ်ခေတ်လုံးဆိုတော့ ဘဲလိုးတွေက ပေါက်ပြဲနေလပြီ။ တခြားမှာလည်း ဘယ်မှာမှ ဝယ်စရာ မရှိတော့၍ ရှိသည့် ကင်မရာကိုပဲ ပေါက်မှန်းပြဲမှန်းသိသိနှင့် ယူရတော့သည်။

အချိန်အခါက စစ်ကြီးပြီးခါစ။ မြန်မာနိုင်ငံ အင်္ဂလိပ်လက်အောက် ပြန်ရောက်ချိန်။ လွတ်လပ်ရေး ကြိုးပမ်းကြဆဲကာလ။ ၁၉၄၇ခုနှစ်ဖြစ်ပါသည်။

ထိုစဉ်က မန္တလေးမြို့တွင် နေ့အခါ လျှပ်စစ်ဓာတ်မီးမရပါ။ ရေဒီယို နားထောင်ချင်လျှင် ကိုယ့်ဘာသာကိုယ် ဘက်ထရီအိုးတစ်လုံးရှာပြီး နားထောင်ရသည့်ခေတ်။ ဓာတ်ပုံရိုက်ဖို့ လျှပ်စစ်မီး မရှိပါ။ နေရောင်ကိုသာ အားကိုးပြု၍ ရိုက်ရသည်။ မိုးရွာနေလျှင် အလုပ်မဖြစ်။ အားလုံးရပ်ဆိုင်းထားရသည်။

စတူဒီယိုဖြစ်အောင် ပြင်ရဆင်ရတာကိုလည်း ကြည့်ပါဦး။ အိမ်ခေါင်မိုးကိုဖောက်၊ မိုးထားသောသွပ်ပြားတွေကိုခွာပြီး မှန်တွေတပ်ရသည်။ အဲဒီ မှန်တွေ အတွင်းမှ သက်ဆင်းလာသော နေရောင်ကို အောက်က ရုပ်ရှင်ရိုက်လျှင် အသုံးပြုသည့် ခဲပြားကပ်ဘောင်ကြီးများဖြင့် ရောင်ပြန်ရအောင် လူတစ်ယောက်က ကိုင်ထားပြီး အလင်းရောင်ရအောင် ထိုးပေးမှ လုံလောက်သော အလင်းရပြီး ဓာတ်ပုံရိုက်နိုင်သည့်အဖြစ်။ တစ်ခါ ဓာတ်ပုံရိုက်လိုလျှင် ကင်မရာမင်းနှ်အပြင်

mgyoe.com

mgyoe.com SAMPLE BOOK

ခဲပြားဘောင်ကြီး ကိုင်ပြီး အလင်းရောင်ပြန်ဟပ်ပေးမည့် တစ်ဖက်တစ်ချက်မှာ လူနှစ်ယောက် အပိုရှာထားရသေးသည်။

ကျွန်မတို့ ဓာတ်ပုံဆိုင်စဖွင့်ပြီး ဘယ်လို ရိုက်ရတယ်ဆိုတာ ပြောပြတော့ ယခုခေတ်သားသမီးများဖြစ်ကြသည့် ကျွန်မကလေးများက အူတက်အောင် ရယ်ကြသည်။

ဒီခေတ်မှာတော့ သိပ္ပံပညာများ တိုးတက်လာသည်မှာ လျင်မြန်လွန်းလှ၍ လိုက်၍ပင် မမီနိုင်။ ဓာတ်ပုံတစ်ပုံရိုက်လျှင် လွယ်ကူလိုက်သည့် ဖြစ်ခြင်း။ View Finder မှာ လူရုပ်ပေါ်နေတာမြင်အောင်ကြည့်တတ်ဖို့ပဲ လိုသည်။ ခလုတ်နှိပ်လိုက်သည်နှင့် အားလုံးကိစ္စက ပြီးသည်။ ထွက်လာသမျှ ကင်မရာတွေက အားလုံး ကွန်ပျူတာနဲ့ ဘိုးဘိုးအောင်ကင်မရာတွေချည်း မဟုတ်ပါလား။

ကျွန်မရဲ့ မြေးအငယ်ဆုံး ငါးနှစ်သားပင် ဓာတ်ပုံကောင်းကောင်း ရိုက်နိုင်ပါသည်။ ဘာမှ နားလည်စရာ၊ တတ်စရာမလို။ P.H.D ကင်မရာဟုပင် နာမည် ပေးထားကြသည်။ PRESS HERE DUMMY ဟူ၍····။

ဘယ်လိုတုံးမဆို ခလုတ်သာနှိပ်၊ ပုံရိပ်ပေါ်မှာက သေချာပါ၏။ တချို့ ကင်မရာကျတော့လည်း စကားတောင်ပြောဖော်ရသေးသည်။ 'အလင်းရောင် နည်းနေတယ်'၊ 'များနေတယ်'၊ 'ဘာလုပ်ပါ'က အစ ညွှန်ကြားပြီး ဆရာတွေ လုပ်ပေးတာ ကြားနေ၊ တွေ့နေရပါသည်။ ကျွန်မတို့ခေတ်နဲ့များ ကွာလေစွ။

❑

mgyoe.com

mgyoe.com SAMPLE BOOK

## ကျွန်မဘာဝပတ္တမြားခင်

ဓာတ်ပုံဆိုင်တစ်ခုအတွက် လိုအပ်တဲ့ပစ္စည်းတွေစုံပြန်တော့လည်း စတူဒီယိုအဖြစ်ဖန်တီးဖို့ လက်သမားငှားရ၊ အမိုးသွပ်ပြားတွေခွာပြီး မှန်အထူစားတွေထည့်ရ၊ ကိုယ်ကလည်း မိန်းမသားဖြစ်တဲ့အပြင် ကလေးသာသာ။ အသက်က နှစ်ဆယ်ကျော်ကျော်ရုံလေးမို့ ဘာမှ မတတ် မသိ၊ မကျွမ်း။ ကိုကျော့်ကို အားကိုးရသည်မှန်သော်လည်း သူ့မှာ ကိုယ်ပိုင်ဓာတ်ပုံဆိုင်နှင့်။ ကျွန်မကို လိုအပ်တိုင်း အခါခပ်သိမ်းလာကူမပေးနိုင်ပါ။ တစ်ခါတစ်ခါ ကျွန်မ ဈေးချိုးတွေပြန့်ပြီး ဘာဆက်လုပ်ရမှန်းမသိ။ ငါ ဆတ်ဆော့မိတာများလေခြင်း ဟု နောင်တတွေရနေမိပါသည်။

သည်လိုနှင့် အခက်အခဲမျိုးစုံကို ရင်ဆိုင်ရင်း၊ စိတ်ဓာတ်ကျတာ တလှည့်၊ တက်တစ်ခါနှင့် စတူဒီယိုရုပ်လုံးပေါ်လာပါသည်။ လွယ်လွယ်ကူကူ ဖြစ်လာခြင်းမျိုးတော့ မဟုတ်ပါ။ အရပ်ကူပါ လူဝိုင်းပါနှင့်၊ လူတကာကို ဒုက္ခပေးရ၊ ချောဆွဲရအဖြစ်နှင့်၊ ဆီစက်ကလူတွေလည်း ပါရ၊ မမသန်းကိုလည်း စိတ်ညစ်အခက်အခဲမှန်သမျှ ရင်ဖွင့်ရ၊ တိုင်ပင်ရ။ ခင်ပွန်းဖြစ်သူကိုတော့ ကိုယ့်အပြစ်နဲ့ကိုယ်မို့ စိတ်ညစ်စရာတွေ အခက်အခဲတွေ ဘာတစ်ခွန်းမှ မဟရဲ။ သူစိတ်လို၍ "အခြေအနေ ဘယ်လိုလဲ" မေးလာလျှင်သာ "အားလုံးကောင်းပါ၏" ဆိုသော အဖြေကိုပေးထားရပါသည်။

mgyoe.com

တကယ်က တစ်ခုခု လုပ်တော့မယ်ဆိုရင် မှန်းထားတာနဲ့ တကယ်လုပ်ရတဲ့အခါ လက်တွေ့မှာ ကွာဟတတ်ပြီး ကုန်ကျငွေလည်း တစ်ဆက နှစ်ဆ ဖြစ်တတ်သည်မှာ ဓမ္မတာ ဆိုတာကိုလည်း ကျွန်မ နားမလည်ခဲ့ပါ။ အရင်းအနှီးအဖြစ်ပေးထားသော ငွေနှစ်ထောင်နှင့် ဘယ်လို မလောက်နိုင်ဆိုတာကို လက်တွေ့ ကြုံရပါပြီ။ ဒါပေမဲ့ နောက်ဆုတ်လို့ကလည်း မရတဲ့အခြေအနေ ဖြစ်လာတော့ မျက်စိကိုစုံမှိတ်ပြီး ဖွတ်ရှေ့ကို တိုးရသည်ပဲပေါ့။

လက်ကျန်ငွေက နည်းလာပြီဆိုတော့ လိုအပ်တဲ့ပစ္စည်းတွေကို ငွေကြေးပေးပြီး မဝယ်နိုင်တော့ပါ။ တစ်ဝက်လောက် စရန်ပေးပြီး ကျန်တာကို အရစ်ကျပေးပါရစေလို့ တောင်းပန်ရ၊ တိုးလျှိုးရ၊ မျက်နှာအငယ်ခံရနှင့်။ တစ်သက်နှင့်တစ်ကိုယ်တွင် တစ်ခါမှ အကြွေးမတင်ဖူးသော ကျွန်မ၊ အခု အကြွေးပတ်လည်ဝိုင်းရသော အဖြစ်နှင့် ကြုံရတော့ အသက်ပင် ဝအောင်မရှူနိုင်။ ည ည အိပ်မပျော်နိုင် ဖြစ်ရပါသည်။

စတူဒီယို အဆင်သင့်ဖြစ်ပြီဆိုမှ လူငှားဖို့ကိစ္စ၊ နာမည်ရွေးဖို့ကိစ္စ၊ ဆိုင်းဘုတ်ရေးဖို့ကိစ္စတွေကို စဉ်းစားရ တိုင်ပင်ရပါသည်။ တစ်ညနေ အိမ်ကိုကျွန်မခင်ပွန်းရဲ့ သူငယ်ချင်း စက်ရှင်မင်းကြီး ဦးစံဒွန်း လာလည်ပါတယ်။ ဦးစံဒွန်းကရုပ်ရှင်မင်းသား အောင်လွင်(စံရွှေမောင်)ရဲ့ ဦးလေးပါ။

သူငယ်ချင်းရဲ့မိန်းမ ဖြစ်ပေမယ့် အသက်ကကွာတော့ ရောက်လာတိုင်း အန်ကယ်လ်ဦးစံဒွန်းက ကျွန်မကို စလိုက်၊ နောက်လိုက်၊ လုပ်တတ်ပါသည်။

''ယော့-ခင်၊ ဓာတ်ပုံဆိုင် ဘယ်တော့ဖွင့်မှာလဲ၊ ဖွင့်ပွဲအတွက် အန်ကယ်လ်တို့ စားဖို့ အဆင်သင့်ပဲနော်''

''ကျွေးဖို့ ပိုက်ဆံမရှိဘူး အန်ကယ်လ်ရဲ့၊ အဲဒါကြောင့် ဖွင့်ပွဲလည်းမလုပ်နိုင်ဘူး''

''ဟာ- ဒါဖြင့် ဒီဓာတ်ပုံဆိုင်က ချာတူးပဲ၊ 'ချာတူးလန်' ဓာတ်ပုံဆိုင်လို့ နာမည်ပေးရမယ်''

''အမယ်၊ မချာတူးပါဘူးနော်၊ မြန်မာပြည်မှာ တစ်ခုတည်းရှိမယ့်အမျိုးသမီး ဓာတ်ပုံတိုက်၊ အားလုံးသော လုပ်သားတွေက အမျိုးသမီးတွေချည်းပဲ၊ အမှောင်ခန်းထဲက လုပ်သားမှ အပပေါ့''

''တယ်ဟုတ်ပါလား .... အမျိုးသားတွေ လာလိုက်ရင် ပုဆိုးစတွေဘာတွေဆွဲပြီး မိန်းကလေးတွေက ပြုပြင်ပေးမှာလား၊ ဒါဆို အန်ကယ်လ်တို့လာပြီး ဈေးဦးဖောက်မှာဗျ၊ အလုပ်သမားမိန်းကလေးတွေကရော ချောရဲ့လား''

mgyoe.com

mgyoe.com SAMPLE BOOK

''လုပ်ငန်းအရ လုပ်ပေးဖို့လိုရင် ပုဆိုးစလည်း ဘာဖြစ်လဲ၊ ဆွဲပြီး ပြင်ပေးမှာပဲ၊ ချောလည်း အချောတွေချည်းပဲ၊ ခင့်သူငယ်ချင်းတွေ ဝိုင်းပြီး လုပ်အားပေးကြမှာ၊ လခ တစ်ပြားမှ မရဘူး''

''ဟေ''

အန်ကယ်လ်ဦးစံဒွန်း တော်တော်စိတ်ပျက်သွားပုံရပါသည်။ ကျွန်မ ပြောနေတာတွေ ပုံပြင်လို့ ထင်လေသလား မသိ။ ဆိုင်ကြီးတစ်ဆိုင်လုံး စဖွင့်ပြီး လခမပေးရတဲ့ လုပ်အားပေးတွေနဲ့ စမယ်ဆိုတာ ဖြစ်နိုင်ဖွယ်ရာ မရှိလို့ ထင်ပုံရ ပါသည်။

''ဟော့-ကိုအောင်ခန့်၊ ကြည့်လည်း လုပ်ဦးနော်၊ မင်းမိန်းမဆိုင်ဖွင့် တာ တစ်ချီတည်းနဲ့ ပြုတ်သွားဦးမယ်၊ စီးပွားရေးလုပ်မှာဆိုရင် စနစ်တကျ ရှိရမှာနော့''

''မသိဘူးလား၊ ငွေနှစ်ထောင်နဲ့ ဓာတ်ပုံဆိုင်ဖွင့်တမ်း ကစားနေတာလေ''

ကိုကြီးအဖြေကို ကြားတော့ ကျွန်မ မကျေနပ်ပေမယ့် ပြန်မပြောရဲလို့ ခွန်းတုံ့မပြန်လိုက်ရပေမယ့်'ပြီးအောင်ပဲ စောင့်ကြည့်ပါဦး'ဆိုတာ ရင်ထဲမှာ အသံတိတ် ပြောလိုက်မိပါ သေးသည်။



''နေပါဦး၊ ဆိုင် နာမည်က ဘာတဲ့လဲ''

အန်ကယ်လ်ဦးစံဒွန်း ကတော့ ကျွန်မအတွက် ပူပင်ကြောင့်ကြစွာနဲ့ စပ်စု လိုက်ပြန်ပါသည်။

''ဆိုင်နာမည်လည်း မရွေးရသေးဘူး၊ စဉ်းစားထား တာတော့ ရှိ တယ်''

''ခင်နဲ့ လိုက်တဲ့ နာမည်တစ်ခု အန်ကယ်လ်ပေး မယ်လေ၊ ယူမလား''

''ပြောလေ''

mgyoe.com

mgyoe.com SAMPLE BOOK

"ခန့်ခန့်ကြီးလို့လေ၊ အန်ကယ့်လ် သူငယ်ချင်းရဲ့ နာမည်က ဦးအောင်ခန့် ခင့်နာမည်က ခင်မကြီး၊ နှစ်ခုပေါင်းလိုက်တော့ 'ခန့်ခန့်ကြီး'၊ ခင့်ရုပ်ရည်နဲ့လည်း လိုက်ဖက်တဲ့နာမည်"

ကျွန်မ ကြိုက်သွားပါသည်။

'ခန့်ခန့်ကြီး

အမျိုးသမီးဓာတ်ပုံတိုက်'

ရောမစာလုံးကြီးရေးပြီး ဆိုင်းဘုတ် တင်လိုက်သည်။ ဓာတ်ပုံဆိုင်ကြီး တစ်ဆိုင်လုံးထဖွင့်ပြီး လူငှားလုပ်သားက တစ်ယောက်ပဲ ငှားနိုင်ပါသည်။ မှောင်ခန်းထဲမှာ ပုံကူး ပုံချဲ့ဖို့၊ ပြင်ပပုံကြီးတွေ ထွက်ရိုက်ဖို့အတွက်ပါ။ သူ့နာမည်က ကိုထွန်းသိုက်တဲ့။

တကယ်တမ်း ဓာတ်ပုံဆိုင်မှာ လိုအပ်တဲ့လုပ်သားက တစ်ယောက် မကပါ။ ဓာတ်ပုံရိုက်မည့်သူက တစ်ယောက်၊ မှောင်ခန်းထဲမှာ ဖလင်ဆေး ပုံကူးပုံချဲ့က တစ်ယောက်၊ထွက်လာတဲ့ ဆေးပြီးသား ဖလင်ပြားကို မျက်နှာပေါ်က ချို့ယွင်းချက်မှန်သမျှ အသေးစိတ် အရေးအကြောင်းတွေ ပျောက်အောင် ခဲထိုးရသူက တစ်ယောက်၊ ပုံကူးပြီးသား၊ ချဲ့ပြီးသား ဓာတ်ပုံကို ဆေးရောင်စုံခြယ်ရသူက တစ်ယောက်၊ အလှပြင်ပေး ဆံထုံး ထုံးပေးရသူက တစ်ယောက်၊ ဘောက်ချာရေး၊ စာရင်းကိုင်၊ဓာတ်ပုံနံပါတ်တပ်၊ ဖလင်နံပါတ်ချိတ် စသည်က တစ်ယောက်။

သည်လိုလုပ်သားတွေသာ စေ့အောင် ငှားရမည်ဆိုလျှင် ဆိုင်မဖွင့် ခင်ကပင် ကျွန်မ ဒေဝါလီခံရမည့်အဖြစ် ရောက်ဖို့ သေချာလှပါသည်။ ဒီတော့ တတ်နိုင်သမျှနှင့် ဖြစ်သလို စရန် ကျွန်မ ဆုံးဖြတ်ရသည်ပေါ့။ မရှိမဖြစ်သော ပုံကူး ပုံဆေးသမား တစ်ယောက်ပဲ ငှားမည်။ ဓာတ်ပုံကို ကျွန်မကိုယ်တိုင် ရိုက်မည်။ ခဲထိုး၊ ဆေးခြယ်ရန် ရှိသမျှကို ကိုကျော်၏ဆိုင်တွင် ပုတ်ပြတ်ပေးပြီး အပ်မည်။

ရှေ့အလုပ်ခန်းအတွက်ကတော့ လိုအပ်တာထက်တောင် ပိုနေပါသေးသည်။ ကျွန်မ အပါအဝင် အမျိုးသမီးတွေချည်း လေးယောက်၊ မခင်စန်း (Kathleen)၊ ခင်ခင်လင်း( Pearl) နဲ့ ခင်စမ်းကြည် (Pauline)။ ကျွန်မ ပြောခဲ့သလို အားလုံးက လုပ်အားပေး၊ ကိုယ့်စရိတ် ကိုယ်စားပြီး နေ့စဉ် အလုပ်ဆင်းကြတာပါ။ ဆိုင်ပိုင်ရှင်ကြီး လုပ်နေပြီး တကယ်တမ်းကတော့ သူတို့ ဩဇာကို ကျွန်မက ခံရပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

"ငါက ဘောက်ချာရေးမယ်၊ ငွေသိမ်းမယ်၊ စာရင်းကိုင်မယ်"ဆိုပြီး ခင်ခင်လင်း( Pearl) က Office စားပွဲကို နေရာဦးလိုက်သည်။

"ဒါဆို ငါက ဓာတ်ပုံရိုက်ဖို့လာတဲ့ မိန်းကလေးကို Album ဓာတ်ပုံစာအုပ်တွေပြမယ်၊ ဈေးနှုန်းပြောမယ်၊ ဧည့်ခံမယ်"ဟု အုပ်စုထဲမှ ဖော်ရွေတတ်လွန်းပြီး စကားပြောသွက်သည့် ခင်စမ်းကြည် (Pauline) က ဧည့်ကြိုရာထူး ယူလိုက်ပြန်ပါသည်။

"အမယ်၊ တယ်ဟုတ်၊ နင်တို့က ရာထူးအသီးသီးနဲ့၊ ငါက ဘာလုပ်ရမှာလဲ"

အေးဆေးငြိမ်သက်တဲ့ မခင်စန်း(Kathleen) က မေးတော့-

"နင်က မိတ်ကပ်တွေ ဘာတွေခြယ်ပေး၊ ဆံထုံးထုံးပေး၊ အလှပြုပြင်ပေးတာလုပ်၊ ပြီးတော့ ခင်ကြီးက ဓာတ်ပုံရိုက်လိမ့်မယ်"

ခင်ခင်လင်း(Pearl) က စကားပြောလျှင် သူ့ကိုယ်သူ အိမ်နာမည်ဖြစ်တဲ့ 'အာဘိ' ကို ထည့်ပြောတတ်သလို၊ခင်စမ်းကြည်ကလည်း သူ့ကိုယ်သူ 'ပေါ်လင်း'လို့ ပြောတတ်ပါသည်။ မခင်စန်းနဲ့ ကျွန်မတို့ နှစ်ယောက်စလုံးက နာမည်အဖျားဆွတ်ပြီး 'ခင်'ဆိုတဲ့ နာမ်စားကို သုံးတတ်တာမို့ ခင်နှစ်ခင် ရှုပ်တယ်ဆိုပြီး၊ ကျွန်မကို 'ခင်ကြီး'၊ မခင်စန်းကို 'ခင်လေး'ဟု သူတို့က ခေါ်ကြသည်။

မခင်စမ်းကြည်က ခါးထောက်၍ ကျွန်မတို့ကို တာဝန်အသီးသီး ခွဲဝေချထားတာကို ကျိုးနွံစွာ နာခံရပါသည်။ ကျွန်မရဲ့ သူငယ်ချင်း လှလှမြင့် (Cherry) တစ်ဦးသာ လုပ်အားပေးအုပ်စုမှာ မပါဝင်နိုင်ခဲ့ပါ။ အင်္ဂလိပ် စစ်တပ်များ မန္တလေးမြို့ကို ပြန်သိမ်းချိန်တွင် သူ့ဖခင် ကွယ်လွန်သွားသည့် အတွက် မန္တလေးရုံတော်ကြီးထိပ်တွင် တည်ရှိသော 'ဘီကြင်' သုံးထပ် ဟိုတယ်ကြီးနှင့် စားသောက်ဆိုင်ကို သူ့ကိုယ်တိုင် ဦးစီးပြီး စီးပွားရေးဝင်စ ဖြစ်ပါသည်။ လုပ်အားမပေးနိုင်ပေမယ့် ဓာတ်ပုံဆိုင် တည်ဆောက်နေကြသော ကျွန်မတို့ သူငယ်ချင်းအုပ်စုကြီး နေ့လယ်စာ "ဆာတယ်ဟေ့" ဆိုပြီး ဘီကြင် စားသောက်ဆိုင်ကြီးကို တက်စားလျှင် အလကား ကျွေးပါသည်။

သည်လိုနှင့် လုပ်အားပေး သူငယ်ချင်းများ အားကိုးနှင့် 'အမျိုးသမီးများကိုယ်တိုင် အုပ်ချုပ်ပြုပြင် ရိုက်ကူးပေးမည့် အမျိုးသမီးဓာတ်ပုံတိုက်' ဟု ကြီးကြီးကျယ်ကျယ်တွေရေးပြီး သတင်းစာအသီးသီးတွင် ကြော်ငြာပြီး ၁၉၄၇ ခုနှစ် ဇွန်လ ၁ ရက်နေ့မှာ ဆိုင် စပြီး ဖွင့်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဆိုင်စဖွင့်တဲ့နေ့မှာ ကျွန်မတို့အားလုံး နှလုံးခုန် ရင်တုန်သည်မှာ မပြောပါနှင့်တော့။ ဓာတ်ပုံရိုက်သူတွေ လာလည်း လာစေချင်သည်။ တကယ် လာကြရင်လည်း အိုးနင်းခွက်နင်း ဖြစ်မှာကိုလည်း ကြောက်သည့်အတွက် -

"ကိုကျော်ရေ၊ ဒီတစ်နေ့တော့ ကျွန်မ လုပ်တာတွေ ဟုတ်၊မဟုတ် စောင့်ကြည့်ပေးပါဦး"ဆိုပြီး ကိုကျော့်ကို ချော့ဆွဲထားရပါသည်။

လှချင် ပချင်ကြတယ် ဆိုတာ မိန်းကလေးများရဲ့သဘာဝပါ။ အဲဒီ အလှအပကို တဒင်္ဂမှ ထာဝရအဖြစ် ဖွဲ့ထင်ကျန်ခဲ့အောင် စွမ်းဆောင်နိုင်တာကလည်း ဓာတ်ပုံပညာပါ။ ဒီတော့ မိန်းကလေးနဲ့ ဓာတ်ပုံဝါသနာဆိုတာ သိပ်လိုက်ဖက်တဲ့အတွဲ ဖြစ်တာမို့ အမျိုးသမီးများကိုယ်တိုင် ပြုပြင် ရိုက်ကူးပေးမယ်လို့ ထူးထူးခြားခြား ကြော်ငြာလိုက်တဲ့အခါမှာ ဓာတ်ပုံ ဝါသနာအိုး အမျိုးသမီးများ ကျွန်မဆီ ရောက်လာကြတော့တာပါပဲ။

ခြေသလုံးတောင့်အောင် တစ်နေ့လုံး အဆက်မပြတ် ရိုက်ရတော့ ကျွန်မ ပြုံးပြုံးပြုံပြုံ ဖြစ်သွားရသည်ပေါ့။ ပရိသတ်က ဒါလောက် အားပေးပြီဆိုရင် ပေါ့ပေါ့ဆဆ လုပ်မရတော့ဆိုတာ တစ်ချီတည်း သဘောပေါက်သွားပါသည်။ စနစ်တကျလုပ်မှ ဖြစ်တော့မည်။ ဒီ့ထက်ဒီတော်အောင် ကြိုးစားမှ ရတော့မည်။

အရှေ့ခန်းမှာ ကျွန်မ၏ လုပ်အားပေးများကတော့ တကယ့်ကို အထင်ကြီးစရာ ဖြစ်နေပါသည်။ ဝင်လာလိုက်သည်နှင့် အလုပ်စားပွဲမှာ ထိုင်နေသူနှင့်၊ ဖော်ဖော်ရွေရွေ ဆီးကြို ဧည့်ခံပြီး ဓာတ်ပုံတွေပြ ဈေးနှုန်းတွေပြောသူနှင့်၊ အလှအပပြုပြင်ပေးမည့်သူနှင့်။ အားလုံးကလည်း မိန်းကလေးအချောတွေချည်းပဲဆိုတော့ သိပ်ဟုတ်ပေါ့။

သိပ်မဟုတ်ဘဲ မလှုပ်နိုင်အောင် ပင်ပန်းနေသည်က ကျွန်မ ဖြစ်ပါသည့်။

တစ်နေ့လုံး မတ်တတ်ရပ်ပြီး အဆက်မပြတ် ဓာတ်ပုံလည်း ရိုက်ရသည်။ ညနေကျတော့ ဆေးပြီးသား ကော်ပြားများကို ခင်ခင်လင်းနဲ့ နှစ်ယောက်သား နံပါတ်တွေတပ်၊ စာရင်းသွင်းပြီးလျှင် စက်ဘီးတစ်စီးနှင့် ကိုကျော့်ဆိုင်ကိုပြေး၊ ခဲထိုးဖို့ အပ်၊ သူများတကာလို ဓာတ်ပုံဆိုင် ဆပ်ပလိုင်း ပစ္စည်းတွေကိုလည်း တစ်နှစ်စာ၊ ခြောက်လစာ သိုလှောင်ထားဖို့ဝေးလို့ တစ်ပတ်စာဖိုး တောင်မှ အနိုင်နိုင်။

mgyoe.com

m gyoe.com SAMPLE BOOK

ထိုစဉ်က ဓာတ်ပုံပစ္စည်းရောင်းချဆိုင်ရယ်လို့ စစ်ကြိုခေတ်ကလို ဆိုင်ကြီးများ မရှိသေးပါ။ အိမ်ဆိုင်သာသာ ဖွင့်ထားသော ကျောက်သွေးတန်းမှ နာမည်ကြီး အကဝိဗ္ဗာ ဒေါ်ဩဘာသောင်း၏ သမက်ဖြစ်သော ကိုလစ်ပတန်ပိုင် ဆိုင်တစ်ဆိုင်နှင့် ၂၆ ဘီလမ်း ကျုံးထိပ်ဘက်မှ (ထိုစဉ်ကဆိုင်အမည်) Burma Art ဆိုသော နှစ်ဆိုင်သာ ရှိပါသည်။ ၄င်းဆိုင်နှစ်ဆိုင်မှ လိုအပ်သော ပစ္စည်းကို တစ်ခါတစ်ရံ တစ်ပတ်စာ၊ တစ်ခါတစ်ရံ တစ်ရက်စာ၊ နှစ်ရက်စာပဲ ဝယ်နိုင်သည့်အခြေအနေဆိုတော့ စက်ဘီးတစ်စီးနှင့် အခေါက်ခေါက် အခါခါ သွားရသည်။

ထိုအချိန်က Button Photo ခေတ်။ ဓာတ်ပုံရင်ထိုးလေးတွေကို ကြိုက်ကြသည်။ 2" x 3" လေးပုံကို တစ်ဆယ်ပေးရိုက်၊ အလှဆုံးပုံကိုရွေး၊ ဓာတ်ပုံ ရင်ထိုးလေးတွေ အများအပြားမှာပြီး အချင်းချင်း လက်ဆောင်ပေးကြတာမျိုး ဆယ်ကျော်သက်တွေ လုပ်ကြသည်ဆိုတော့ တစ်နေ့ တစ်နေ့ ဓာတ်ပုံရင်ထိုး အော်ဒါတွေရသည်။ ကျွန်မမှာ ဓာတ်ပုံရင်ထိုးစက် မရှိပါ။ ဝယ်လည်း မဝယ်နိုင်ပါ။ ဆိုင်က ရသမျှ နေ့စဉ်သုံး ဖလင်တွေ၊ စက္ကူတွေ၊ ဆေးတွေ ပြန်ဖြည့်ဝယ်ရတာက တစ်မျိုး၊ ကြွေးဖွဲ့ဆပ်ရတာက တစ်ဖက်နှင့် ဝင်လာသည့် ငွေကို လက်ထဲမှာ ပူအောင်ပင် မကိုင်နိုင်ပါ။ သည်တော့ စက်ဘီးတစ်စီးနှင့် ကိုကျော်ဆိုင်ကို ပြေးလိုက်၊ ကိုလစ်ပတန်ရဲ့ဆိုင်မှာ ပစ္စည်းဝယ်လိုက်၊ ဓာတ်ပုံ ရင်ထိုးကိုလည်း ကိုလစ်ပတန်ဆိုင်မှာ တစ်ခုကို လုပ်ခ ငါးမူးနဲ့အပ်၊ ကျွန်မက တစ်ကျပ်နှင့် လက်ခံထားသည့်အတွက် ငါးမူး အမြတ်ရသည်။

မူးစု ပဲစု။ ရသမျှငွေကို'ငါ့သမီး မယ်ဒွေး ဈေးတင်ဖို့လေး'ဆိုတဲ့ စာချိုးအတိုင်း ဓာတ်ပုံဆိုင်ထဲပဲ ပြန်သွင်းပြီး ရင်းနှီးရ၊ အကြွေးဆပ်ရနှင့် လုံးလည်လိုက်နေပါသည်။

ဆိုင်မှာ အလှပုံလာရိုက်ကြတာကိုတော့ နှစ်လ၊ သုံးလအတွင်း နိုင်နိုင်နင်းနင်းဖြစ်လာပါသည်။ ကိုယ်ကိုယ်တိုင်အမှားတွေ့လျှင်ပြုပြင်၊ နောက် မဖြစ်အောင် မှတ်ထား၊ တတ်နိုင်သမျှလည်း လေ့လာပြီး အားကြိုးမာန်တက် ကြိုးစားရသည်ပဲပေါ့။

ကျွန်မမှာ ပါရမီ ခေါ်ရမလား၊ ဘဝပေးသညာလေးတစ်ခု ပါလာပါသည်။ ထိုသညာမှာ လူတစ်ယောက်ကို မြင်သည်နှင့် သူ့မျက်နှာမှ အလှတစ်ခုကို ကျွန်မ ဒက်ခနဲ တန်းမြင်တတ် သတိပြုမိတတ်ပါသည်။ လူတိုင်းမှာ အလှကိုယ်စီ

mgyoe.com

ရှိကြစမြဲပါ။ အဲဒီအလှကို ပေါ်လွင်အောင် ဓာတ်ပုံမှာ မှတ်တမ်းတင်လိုက်နိုင်တာမို့ ကျွန်မရိုက်တဲ့ပုံတွေက အများအားဖြင့် လှလှပပ ထွက်လာတတ်ပါသည်။ အဲဒီလို လှလှပပပုံလေးတွေ ထွက်လာတိုင်း ကျွန်မ ကြည့်ပြီး အမြဲ ပီတိ ဖြစ်ရပါသည်။

ဓာတ်ပုံဝါသနာရှိခြင်း အတွက်လည်း ကိုယ့်ဟာကိုယ် ထာဝရ ကြည်နူးမှု ဖြစ်ပါသည်။ အထူးသဖြင့် သက်မွေးဝမ်းကျောင်းအတွက် ကိုယ်ဝါသနာပါတာ ကိုယ်လုပ်ရခြင်းကိုက ကံကောင်းခြင်းတစ်ခုပါပဲ။ သက်မွေးဝမ်းကျောင်း ဖြစ်ရုံမကဘဲ ကုသိုလ်ရတဲ့အလုပ်၊ စင်ကြယ်သော အလုပ်လည်း ဖြစ်ပါသေးသည်။

ဗုဒ္ဓဘာသာမှာ စေတနာသုံးတန်မြောက်ရင် အကျိုးပေးတယ်ဟု ဆိုထားပါသည်။ ရှေးဦးစေတနာ၊ ပြုဆဲစေတနာနှင့် ပြုပြီးစေတနာပါ။ ဓာတ်ပုံနှင့်ပတ်သက်ပြီး အဲဒီစေတနာသုံးတန်က အမြဲ ဖြစ်ပေါ်နေပါသည်။ ဓာတ်ပုံလာရိုက်ပြီဆိုကတည်းက အဲဒီအမျိုးသမီးကို လှသည်ထက်လှအောင် ပြုပြင်ပေးရတာကိုက ရှေးဦးစေတနာမြောက်နေပါပြီ။ ဓာတ်ပုံရိုက်ချိန်မှာလည်း အလှဆုံးပုံရအောင် အလင်း၊ အမှောင်အနေအထားကအစ ဂရုထားပြီး စေတနာနှင့် ရိုက်ဖြစ်တာချည်းပါပဲ။ ပြီးပြီးရောဆိုတာမျိုး ကျွန်မတစ်သက် တစ်ခါမှ မလုပ်ဖူးပါဘူး။


ဟော-ရိုက်ပြီး ပုံတွေထွက်လာလို့ ဖြတ်တောက်သန့်စင်ပြီးရင် ကိုယ်ရိုက်ထားတဲ့ပုံလှလှလေးတွေကို ထိုင်ကြည့်ပြီး ကြည်နူးပီတိဖြစ်ရတဲ့စေတနာစိတ်လည်း ဖြစ်ပေါ်နေရတာမို့ အလွန်ကောင်းမြတ်တဲ့အလုပ်လို့ ကိုယ့်ဟာကိုယ် တစ်ယောက်တည်း အထင်တွေ ကြီးပစ်လိုက်မိပါသည်။

သူငယ်ချင်းတွေကိုလည်း 'ဟေ့-တို့အလုပ်က သူတစ်ပါးကို လှစေချင်တယ်၊ လှအောင် ပအောင်လည်း အားထုတ်ပေးတယ်၊ လှတဲ့ပုံတွေ ထွက်လာတော့လည်း သူများလှတာကိုကြည့်ပြီး ကျေနပ် ပီတိဝမ်းသာမှု ဖြစ်တယ် ဆိုတော့ တို့တစ်တွေအားလုံး နောက်ဘဝကျ ဒီ့ထက်လှကြဦးမှာ' လို့ တစ်ပြားမှ မရတဲ့သူတွေကို 'ကုသိုလ်တော့ ရပါသေးတယ်' ဆိုတာနဲ့ နှစ်သိမ့်ထားရတယ်ပေါ့။

ဒီအထဲမှာ ခင်ခင်လင်းက ကာတွန်းဆွဲ ဝါသနာပါသည်။ တစ်နေ့မှာ သူက ကာတွန်းတစ်ခုဆွဲပြီး ကျွန်မရဲ့ စတူဒီယိုကင်မရာမှာ လာကပ်ထားပါသည်။

'ခန့်ခန့်ကြီးမှာ ရိုက်ရင်
အုံ့အုံ့မငြိုးဘဲ
လန့်လန့်ပြီးသွားအောင်
လှစေရမယ်။'

mgyoe.com



# ·ခန့်ခန့်ကြီးအမျိုးသမီးဓါတ်ပုံတိုက်·

ဆိုတဲ့ စာတန်းရဲ့ အပေါ်မှာ အရုပ်ဆိုးဆိုးမိန်းကလေးက ဓာတ်ပုံလှလှလေးကို လှမ်းပေးတော့ အမျိုးသားက ဓာတ်ပုံကိုကြည့်ပြီး ခေါင်းမွေးတွေ တစ်ချောင်းစီ မိုးပေါ်ထောင်ပြီး မျက်လုံးက ပုစွန်လိုပြူးထွက်၊ ရင်ဘတ်ကို လက်နဲ့ ဖိပြီး လန့်နေတဲ့ပုံလေ။

ကျွန်မတို့ တဝါးဝါးတဟားဟား သဘောတွေကျ ရယ်ကြ မောကြပေါ့။ အမှန်က စီးပွားရေးလို့သာဆိုတာ ကိုကြီး မှတ်ချက်ချသလို ဓာတ်ပုံရိုက်တမ်း ကစားနေကြတာလည်း တစ်စိတ်တစ်ဒေသပါတာ အမှန်ပါပဲ။ အဲဒီ အချိန်က ဓာတ်ပုံတင်မကဘူး၊ ကျွန်မတို့အုပ်စုက စာပေလည်း ရူးကြပါသေးသည်။ ဓာတ်ပုံ ရိုက်ပါးတဲ့အချိန်ကျရင် ကဗျာတွေစပ်၊ စာညွှန့်တွေရေး၊ တစ်ယောက်ကို တစ်ယောက် ရေးထားတာ ပြ၊ ကဲ့ရဲ့ကြ၊ ရှုတ်ချကြ။ ဘာစာတစ်ပုဒ် မှ မရေးရသေးဘဲ ကလောင်နာမည်တွေ ယူလိုက်ကြ။

ခင်ခင်လင်းက သူ့ရဲ့ အင်္ဂလိပ်နာမည်က Pearl ဆိုတော့ 'ငါက ပုလဲခင်' ဆိုပြီး ရှေးဦးဖောက်လိုက်ပါတယ်။ မခင်စန်းက 'ဒါဆိုရင် ငါက နီလာခင်လုပ်မယ်' ဖြစ်ပါရော။ အားလုံးနာမည်တွေကလည်း 'ခင်' တွေနဲ့ချည်းကိုး။ အဲဒီတော့ ကျွန်မကငါက 'ပတ္တမြားခင်'၊ 'ပတ္တမြားခင်' ဆိုတာ တန်ဖိုးဖြတ်လို့ မရတဲ့ ရတနာဟဲ့'' လို့ ကြီးကြီးကျယ်ကျယ်တွေပြောတော့ ကြီးကျယ်ရကောင်းလား၊ နားကြားပြင်းကတ်တယ် ဆိုပြီး ''နင်တို့အားလုံးထက် သာအောင် ငါက 'စိန်ကြောင် နီလာခင်' လို့ပေးမယ်'' နဲ့ ခင်စမ်းကြည်က အနိုင်ယူ ဆုံးဖြတ်

mgyoe.com

လိုက်တော့ တစ်ထိုင်တည်း ဗလာချိုစာရေးဆရာမကြီးတွေ ဖြစ်သွားပါရော။

နှစ်ပေါင်း ၅၀ နီးပါးကြာတဲ့ အခုအချိန်မှာတော့ ခင်ခင်လင်း(Pearl) တစ်ယောက်သာ ၁၀ တန်းစာမေးပွဲဖြေဖြစ်ပြီး မဟာဝိဇ္ဇာဘွဲ့ရ၊ တက္ကသိုလ်မှာ ကထိကဖြစ်ပြီး ဘာသာပြန်စာပေတွေ ရေးတဲ့'ပုလဲခင်'၊ကျောင်းသုံးစာအုပ် ပြုစုတဲ့'ပုလဲခင်'အဖြစ်ကနေ အနားယူချိန်မှာ စင်ကြယ်သောသဒ္ဓါတရားနဲ့ သာသနာ့ဘောင်ကို ဝင်ပြီး ဒေါ်ဥာဏဇာစာရီကျောင်းမှာ'ဒေါ်စန္ဒီထေရီ'အမည်နှင့် ဗုဒ္ဓ၏ သမီးတော်အဖြစ် ရောက်ရှိနေပါသည်။

'နီလာခင်'ကတော့ စာမေးပွဲလည်း မဖြေဖြစ်၊ စာတစ်ပုဒ်မှလည်း မဖွဲ့ဖြစ်ရှာဘဲ ကျွန်မကို လုပ်အားပေးရင်း အသက် ၂၄ နှစ်၊ ၁၉၄၀ ပြည့်နှစ်မှာ အဆုတ်ရောဂါနဲ့ ကွယ်လွန်သွားခဲ့ပါတယ်။

အများတကာထက် သာစေရမယ်ဆိုတဲ့'စိန်ကြောင်နီလာခင်' တစ်ယောက်က ကျောင်းလည်းမတက်၊ စာမေးပွဲလည်း မဖြေ၊ စာပေနဲ့ဝေးပြီး အိမ်ကပေးစားတဲ့ စီးပွားရေးလုပ်ငန်းပိုင်ရှင် ကိုသိန်းမောင်နဲ့ အိမ်ထောင်ကျပြီး မန္တလေးမှာ ပွဲရုံပိုင်ရှင် သူဌေးကတော် ဖြစ်နေပါပြီ။

ကျွန်မ'ပတ္တမြားခင်'တစ်ယောက်သာ ဟိုမရောက် ဒီမရောက်နဲ့ စာပေလောကကို အတင်းဖက်တွယ်ရင်း ပေါ်လိုက် ငုပ်လိုက် ကူးခပ်ရုန်းကန်နေဆဲဖြစ်ပါသည်။

❑

mgyoe.com

mgyoe.com SAMPLE BOOK

## ပတ္တမြားခင်နှင့်ဂေါ်ရခါးဓားကောက်

ဓာတ်ပုံဆိုင်တစ်ဆိုင် ဖွင့်သည်ဆိုလျှင် Indoor ခေါ်သော စတူဒီယိုတွင်း ရိုက်သည့်ပုံများရှိသလို Outdoor ခေါ်သော အပြင်သို့ လိုက်ရိုက်ရသောပုံများလည်း ရှိပါသည်။ နှစ်ခုစလုံး နိုင်နင်းကျွမ်းကျင်ဖို့လည်း တကယ်လိုအပ်သည်ပေ့ါ။

ကိုဝင်းဦး စာရေးချင်လို့ စန္ဒာမဂ္ဂဇင်း ထောင်သလို ကျွန်မကလည်း ဓာတ်ပုံရိုက်ချင်၍သာ 'ခန့်ခန့်ကြီး ဓာတ်ပုံတိုက်' ထောင်ခြင်း ဖြစ်ပါသည်။ တကယ်တမ်း ပြည့်ပြည့်ဝဝ ကျွမ်းကျင်သလားဆိုတော့ မဟုတ်လေပါ။ Indoor စတူဒီယိုအတွင်း ရိုက်ခြင်းမှာတော့ တော်တော်လေး လက်သားကျလာပါပြီ။ ထိုခေတ် ထိုအချိန်က မန္တလေးမြို့မှာ နေ့ဘက်တွင် လျှပ်စစ်မီးမရပါ။ နေရောင်ဖြင့်သာ ရိုက်လို့ရပါသည်။ ခေါင်မိုးကိုဖောက်၍ မှန်တပ်ထားသည့် အတွက်ငှင်းမှ သက်ဆင်းလာသော အလင်းရောင်ကို ခဲပြားဘောင်များဖြင့် အလင်းကိုပြန်ဟပ်ပြီး ဓာတ်ပုံရိုက်သူပေါ်ကို ရောက်အောင် ပေးရပါသည်။ ခဲရာခဲဆစ်ဖြစ်သည့်အပြင် ဓာတ်ပုံတစ်ခါရိုက်လျှင် ဘေးက အလင်းရောင် ထိုးပေးဖို့ အပိုလူနှစ်ယောက်ကလည်း တစ်ဖက်တစ်ချက်မှာ ရှိနေဖို့ လိုသေးသည်။ ဒါအတွက်ကတော့ ကျွန်မ၏ လုပ်အားပေးများနှင့် အဆင်ပြေပါ၏။

မှောင်ခန်းတွင်လည်း ထိုနည်းလည်းကောင်း၊ လျှာထိုးမှန်တပ်ထားသော

mgyoe.com

mgyoe.com SAMPLE BOOK

ပြတင်းသို့ အလင်းရောင်ဟပ်အောင် အပြင်မှ မှန်တစ်ချပ်ဖြင့် နေရောင်ခံပြီး တစ်ယောက်က လိုသလို ထိုးပေးရပါသည်။ နေစောင်းသွားလျှင် စောင်းသလို လိုက်ပြီး အနေအထားပြုပြင်ရသည်။ လက်ဝင်လိုက်သည့်ဖြစ်ခြင်းပါပဲ။ မိုးရွာလို့၊ မိုးအုံ့လို့ကတော့ ဘာအလုပ်မှ မဖြစ်၊ ငုတ်တုတ်ထိုင်စောင့်ရုံပဲ ရှိပါသည်။

အများအားဖြင့် မိန်းကလေးများ ရိုက်ကြသည်က လေးမျိုး လေးပုံ 3" x 2" အရွယ်အစားများ ဖြစ်ကြသည်။ အဲဒီလို ရိုက်ရုံလောက်နဲ့ စီးပွားဖြစ်ဖို့ သိပ်မလွယ်။ စရိတ်ကျေရုံ၊ နည်းနည်းပါးပါး ထမင်းနပ်မှန်စားနိုင်လောက်ရုံ သာရှိမည်။ ပုံကြီးတွေချဲ့မှ အမြတ်က မြက်မြက်ရတာမျိုး။ တကယ်အားကိုးရသည်က Outdoor ခေါ်သော အပြင်လိုက်ရိုက်ခြင်းဖြစ်ပါသည်။ Outdoor ရဖို့က အပေါင်းအသင်း အဆက်အသွယ်ကောင်းရဖို့ လိုအပ်ပါသည်။ ကျွန်မမှာ Outdoor 12" x 10" ပုံကြီးတွေရိုက်ဖို့ Field Camera ခေါ်သော အပြင်ရိုက် သုံးချောင်းထောက် ဘာကျာပုံကင်မရာ မရှိပါ။ ဝယ်လည်းမဝယ်နိုင်ပါ။ အလှူ၊ မင်္ဂလာဆောင်စသည်များက လာခေါ်လျှင် ကျွန်မက ခပ်တည်တည်နှင့် လက်ခံထားပြီး ကျော်ဓာတ်ပုံတိုက်က ကိုကျော့်ကို ဖြစ်ဖြစ်၊ ဘားမားအတ် ဓာတ်ပုံတိုက်က ဦးသန်းမောင်ကို ဖြစ်ဖြစ် ပြေးပြီး အကူအညီတောင်းရပါသည်။ တစ်ခါတစ်ရံ သူတို့ အလုပ်လက်ခံပြီးသား ဖြစ်နေသည့်အချိန်နှင့် ကိုက်နေပြီဆိုလျှင် သေပြီသာ မှတ်တော့။ ကျွန်မ ချွေးပြန်ရ၊ အိုးနင်းခွက်နင်း ဖြစ်ပြီး ဘာဆက်လုပ်ရမှန်း မသိ။

ဒီတော့ ကိုယ်ဟာကိုယ် အားကိုးမှ ဖြစ်တော့မည်ကို သဘောပေါက်နားလည်ရပါသည်။ အပြင်ရိုက်ဖို့ Field Camera တစ်လုံးဝယ်ဖို့အရေး မန္တလေးတစ်မြို့လုံးကို မြေလှန်ပြီး ရှာရသည်။ တော်တော်နှင့် မတွေ့။ တစ်နေ့ ဓားတန်းမှာနေသော သူဌေး ခိုဂျာမောင်ကိုက သူ့ဆီမှာ အပေါင်ဆုံးထားသော ကင်မရာတစ်လုံးရောင်းဖို့ လာပေးထားတာရှိတယ်။ ကျွန်မ လိုသော ကင်မရာမျိုး ဟုတ်၊ မဟုတ်လာကြည့် ပြောသည်နှင့် သွားကြည့်တော့ 12" x 10" ကင်မရာ ဖြစ်နေသည်နှင့် ကျွန်မ ဝမ်းသာသွားသည်။ ဈေးနှုန်းပြောကြတော့ ကျွန်မ လက်လှမ်းမမီသည့်ဈေး ဖြစ်နေတော့ စိတ်ညစ်ရပြန်သည်။

တခြားမှာ ဘယ်မှာမှ မရှိမှန်းသိ၍ ပိုင်ရှင်က ဈေးကိုင်သည်ကိုသိသိကြီးနှင့် လိုအပ်နေသည်ဆိုတော့ ကျွန်မ မျက်စိမှိတ်ပြီး ယူလိုက်ရသည်။ တစ်လုံးတစ်ခဲတည်းမပေးနိုင်၍ သုံးရစ်ခွဲဆပ်စနစ်နှင့် ဝယ်ရပါသည်။ ကင်မရာတော့ရပြီ။ သို့သော် ဒီကင်မရာကို အချိုးကျအောင် မကိုင်တတ်၊မတွယ်တတ်သေးတော့

mgyoe.com

mgyoe.com SAMPLE BOOK



ကိုကျော့်ဆီမှာ သင်တန်းတက်ရသည်။ ပွဲဦးထွက် ဈေးဦးပေါက်သော အဖြစ်ကို ကျွန်မ တစ်သက် မမေ့နိုင်ပါ။ ဟိုအချိန်က ဇောချွေးတွေပြန်ပြီး အသက်ထွက်တော့မလို ဖြစ်ခဲ့ရသည်ကို ခုတွေးကြည့်တိုင်း ပြုံးရ ရယ်ရပါသည်။

ခံစားချက် ဆိုသည်မှာ အချိန်ကာလအရ ပြောင်းသွားခြင်းကို ဆင်ခြင်မိပါ၏။ ထိုအချိန်က လွတ်လပ်ရေးမရသေးပါ။ အင်္ဂလိပ်စစ်တပ်များ မန္တလေးတွင် တပ်စွဲထားဆဲ ဖြစ်ပါသည်။ မန္တလေးတောင်ခြေတွင် သယ်ယူ ပို့ဆောင်ရေး မြင်းတပ် ရှိပါသည်။ ၄င်းမြင်းတပ်မှ 12" x 10" ပုံကြီးရိုက်ဖို့ အလုပ်လာအပ်သည်။ ကျွန်မနှင့် တပည့်ကျော် ကိုထွန်းသိုက်တို့ သွားရိုက်ကြသည်။ ကိုထွန်းသိုက်က ပုံကူး ပုံဆေးတော့ ကျွမ်းကျင်ပါ၏။ အပြင်ထွက်ရိုက်ခြင်းကို မကျွမ်းကျင်ပါ။ ဆရာသမားလုပ်သူ ကျွန်မကလည်း မတတ်မကျွမ်းတော့ သူ့မှာ အရည်အချင်းရှိ၊ မရှိ မသိလေဘူးပေါ့။ ရိုက်ရသည်ကလည်း မင်္ဂလာဆောင်လို၊ အလှူလို လူတွေချည်းဆိုလျှင် 'ရိုက်ပါတော့မယ်၊ ကင်မရာကို ငြိမ်ငြိမ်လေး ကြည့်ပေးပါ''လို့ ပြောလို့ရသေးရဲ့။ အခုဟာက လူတွေရော မြင်းတွေပါ တန်းစီထားသည်ကို ရိုက်ရသည့်အဖြစ်ဆိုတော့ ကျွန်မ နှလုံးခုန် ရင်တုန် ဘုရားတ၍ ရိုက်ရပါသည်။ သေချာအောင် တစ်ပုံအတွက် ဖလင်နှစ်ချပ် ရိုက်ယူပါသည်။ ဖလင်ကိုလည်း အခုခေတ်မှာလို အအေးခန်းနှင့်မို့ အချိန်မရွေး ထဆေးလို့ရသည့် အချိန်အခါမဟုတ်။ မနက်မိုးမလင်းခင် အအေးဓာတ်ကလေးရှိတုန်း အချိန်ကို ရွေးပြီး ဆေးရပါသည်။ နေ့လယ်နေ့ခင်း သွားဆေးမိလျှင် အပူရှိန်နှင့် ဖလင်တွေ အရည်ပျော်၍ ပျက်တတ်သည်ကိုလည်း သတိထားနေရသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ထိုညက ကျွန်မ တစ်ညလုံး နှစ်နှစ်ခြိုက်ခြိုက် အိပ်မရပါ။ ခောတ်ပုံတွေ ကောင်း၏၊ မကောင်း၏ သိလိုသော စိတ်ဇောကပ်နေ၍ တဖျပ်ဖျပ်နိုးတိုင်း နာရီကို လှမ်းကြည့်နေမိပါသည်။ မနက် ၄ နာရီထိုးတော့ ကျွန်မ မအောင့်နိုင်တော့၊ ဖလင်ထဆေးသည်။ ထွက်လာသော ဖလင်ကိုကြည့်ပြီး အမှောင်ခန်းထဲမှာပင် လဲသေလိုက်ချင်ပါ၏။ လူတွေပုံက ဟုတ်နေသော်လည်း မြင်းတွေပုံက မဟုတ်။ ဝါးတဲ့နေရာက ဝါး၊ ကြည်တဲ့နေရာကကြည်၊ အလင်း၊ အမှောင်ယူထားတာကလည်း မမှန်၊ ဘယ်လိုမှ သုံးမရတဲ့ပုံဖြစ်နေတာကို ကြည့်ပြီး တစ်ယောက်တည်း ကိုယ့်လည်ပင်းကိုယ် ခြေနဲ့ နင်းသတ်ပစ်ချင်မိပါ၏။ 'ဖွင့်ချင်ဦးခောတ်ပုံဆိုင်' ဆိုပြီး အပြစ်တင်မိသည်ပေါ့။

မတတ်နိုင်ပါ။

ကိုယ့်အပြစ်နှင့်ကိုယ်မို့ ဖလင်ပျက်သွားကြောင်း၊ ထပ်ပြီးရိုက်ဖို့ ရက်ချိန်းပြန်တောင်းပြီး တောင်းပန်တိုးလျှိုးရသည်။ တာဝန်ရှိ အင်္ဂလိပ်စစ်ဗိုလ်ကလည်း ကျွန်မကို မိန်းမသား ဖြစ်သည်မို့ အားနာပါးနာ ခွင့်လွှတ်စွာနှင့် ရက်ချိန်း ထပ်ပေးလိုက်ပါသည်။

ကိုယ်အသုံးမကျသည့်အတွက် ကိုထွန်းသိုက်ကို အားကိုးတကြီးနှင့် ဒီတစ်ခါ သူပဲ တာဝန်ယူရိုက်ပါဆိုပြီး သူ့ကို လွှဲလိုက်ပါသည်။ မြင်းတွေရော၊ လူတွေရော တန်းစီကြ၊ နေရာ ပြင်ရဆင်ရနှင့် အလုပ်ရှုပ်ကြပြန်သည်။ ကျွန်မကတော့ ဘေးကနေ ကြီးကြပ်ရုံမျှ၊ အနေအထား သတ်မှတ်ပေးရုံမျှ နှမ်းဖြူးပြီး ကိုထွန်းသိုက်က ရိုက်သည်။ ဒီတစ်ခါတော့ ပညာရှင်ကိုယ်တိုင် ရိုက်သည်မို့ ကောင်းဖို့ သေချာသည်ဆိုပြီး ကျွန်မ စိတ်ချလက်ချ နေလိုက်သည်။ သူရိုက်တာမို့ သူကိုယ်တိုင် ဖလင်ဆေးမည် ဆိုတာကိုလည်း သဘောတူလိုက်မိ၍ စိတ်က ပေါ့ပါးစွာနှင့် ဖလင်ကြည့်ဖို့ စောင့်နေသည်ပေါ့။

ကိုထွန်းသိုက်တို့ ဇနီးမောင်နှံကို ကျွန်မက အိမ်နှင့်ကပ်လျက် နောက်တက်ဝင်းမှာ နေစရာငှားပေးထားသဖြင့် ကျွန်မအိမ်နောက်တက် ဝင်းတံခါး အမှောင်ခန်းရှိရာသို့ အချိန်မရွေး အဝင်အထွက် လွယ်ကူပါသည်။ မနက် အိပ်ရာထတော့ မှောင်ခန်းတွင်း လှန်းနေကျ ဖလင်နေရာတွင် ဘာဖလင်မှ လှန်းထားတာမတွေ့။ 'ဒီလူ မနက်စောစော လာဆေးမယ်ဆိုပြီး အိပ်ပျော်သွားလို့ မဆေးဖြစ်လေသလား' တွေးမိသည်နှင့် ကိုထွန်းသိုက်အိမ်ကို လိုက်သွားသည် ကိုထွန်းသိုက်က မရှိ။ သူ့ဇနီး မအေးမှိုကို မေးတော့–

mgyoe.com

 mgyoe.com SAMPLE BOOK 

'သူ့အမေ နေမကောင်းလို့ ညက ရွာပြန်သွားတယ်' တဲ့။

'ဟဲ့…တို့ကို လာပြီးများ ခွင့်တောင်းပါဦးတော့၊ ဖလင်အရေးတကြီး ဆေးဖို့ ရှိနေတာ ပြောသွားဖို့တော့ ကောင်းတယ်ဟယ်'

ကျွန်မ မကျေမနပ်နှင့် မှတ်ချက်ချပြီး ပြန်လှည့်လာသည်။ အမှောင်ခန်း ထဲ ပြန်သွားပြီး မဆေးရသေးသည့် ဖလင်ကို ဆလိုက်ထဲမှ ထုတ်ပြီး ကိုယ့်ဟာ ကိုယ်ဆေးမည် စဉ်းစားပြီးမှ နေရင့်လာပြီမို့ ဖလင်အရည်ပျော်မှာစိုးသည်နှင့် ဒီအတိုင်းထားလိုက်သည်။ တစ်ရက် ထပ်စောင့်လိုက်ဦးမည်ပေါ့။

ညနေ ကိုထွန်းသိုက် ရောက်ပြီလား သွားမေးတော့ မရောက်သေးဘူး။ ဘယ်လောက်ကြာမယ်ပြောသွားလဲ ထပ်မေးတော့ မသိဘူးဟုတဲ မရေမရာဖြေသည်။ ကျွန်မ နည်းနည်း စိတ်တိုချင်လာသည်။ အလုပ်သမားကလည်း ဒီတစ်ယောက် တည်း ရှိရတဲ့အထဲ ခွင့်မတိုင် ဘာမတိုင် နှင့်ထွက်သွားတော့ ကျွန်မအတွက် ကသောင်းကနင်းဖြစ်နေရသည်။ မတတ်နိုင်၊ မနက်ကျ စောစော ကျွန်မ ကိုယ်တိုင်ပဲထပြီး ဆေးမည်ဟု တွေးထားသည်။

အိပ်ရာထ၊ မျက်နှာသစ်ပြီးသည်နှင့် အမှောင်ခန်းတွင်းဝင်ပြီး ဖလင် ဆေးဖို့ ဆေးစပ်သည်။ အစစ အဆင်သင့်ဖြစ်ပြီဆိုမှ စင်ပေါ်တင်ထားသော 12 ဆလိုက် သွားယူလာပြီး ဖွင့်သည်။

''မြတ်စွာဘုရား''

ဆလိုက်ထဲတွင် ဘာဖလင်မှမရှိ။ ကျွန်မပဲ ဆလိုက်ယူမိတာ မှားလေ သလားဟူသောအတွေးဖြင့် နောက်ဆလိုက်တစ်ခုကို ထပ်ဖွင့်သည်။ မရှိ။ ဘာဖလင်မှမရှိ။ ငယ်ငယ်ကလိုဆိုလျှင် အော်ဟစ်ပြီး ငိုလိုက်မှာ သေချာပါ၏။ ငိုလည်း ငိုချင်သည်။ ဘာလုပ်ရမှန်းလည်း မသိ။ ဖလင်မပါဘဲ ရိုက်ခဲ့လို့လား။ ဒါလည်းမဖြစ်နိုင်။ ကျွန်မကိုယ်တိုင် ဖလင်ထည့်ခဲ့သည်ပဲ။ ကိုထွန်းသိုက်ထုတ်ပြီး အံဆွဲထဲများထည့်ခဲ့လေသလား၊ ဖလင်ဘူးထဲပဲထည့်သလား၊ လားများစွာကို စဉ်းစားရင်း မှောင်ခန်းထဲရှိရှိသမျှ၊ နေရာတွေ မှန်သမျှ လှန်လှောရှာလည်း မတွေ့။ မနက်မိုးမလင်းခင် ကိုထွန်းသိုက်အိမ်ကို သွားပြီး တံခါးခေါက်ဖို့ကလည်း မသင့်လျော်သည်နှင့် မိုးလင်းအောင် ထိုင်စောင့်ရပါသည်။ ထို နှစ်နာရီမျှသော အချိန်သည် တစ်သက်တာ ကျွန်မဘဝမှာ အရှည်ကြာဆုံးသော အချိန်တစ်ခု ဖြစ်ပါ၏။

တံခါး သွားထုတော့ မအေးမှီ အိပ်ချင်မူးတူးနှင့် ထလာသည်။

mgyoe.com

mgyoe.com

ကျွန်မ အဖြစ်အပျက်ကို ပြောပြသည်။ ကိုထွန်းသိုက်ရွာက ဝေးသည် မဟုတ်။ ရန်ကင်းတောင်ခြေက ပုသိမ်ကြီးဆိုတော့ ဘတ်စ်ကားနှင့်လိုက်သွားလို့ ရသည်။ စစ်တပ်ကို ကျွန်မက ဒီကနေ့ Proof နမူနာကြမ်းပြဖို့ ချိန်းထားသည်မို့ စောင့်လို့က မဖြစ်။ မအေးမှိုကို ကိုထွန်းသိုက် လိုက်ခေါ်ဖို့ စရိတ်ပေးပါမည် ဆိုတော့ မအေးမှို ငိုင်သွားသည်။

"အစ်မရယ် ကိုထွန်းသိုက်က ပြန်လာမှာ မဟုတ်ဘူး"

"သူ့အမေ အခြေအနေ ဆိုးနေလို့လား"

ကျွန်မ ပူပူပင်ပင် ဖြစ်သွားမိပါသည်။

"မဟုတ်ဘူး အစ်မရဲ့၊ အလုပ်က အပြီးထွက်သွားတာ၊ အစ်မကို အားနာလို့ ပြောမသွားတာ"

"ဟောတော့..."

ကျွန်မက 'ဟောတော့' တစ်လုံးသာ ထွက်နိုင်ပါသည်။ ဘယ်လိုဖြစ်ရတာလဲဆိုတာ စဉ်းစားလို့ မရ။

"သူကတော့ အစ်မကို ပြန်မပြောနဲ့လို့ မှာသွားတာပါပဲ၊ ဒါပေမဲ့ အစ်မသိအောင် ပြောမှဖြစ်မှာမို့ပါ၊ မနေ့မနက်က သူဖလင်သွားဆေးတယ်၊ အဲဒါ ဖလင် လုံးဝ ပျက်သွားတယ်တဲ့၊ နှစ်ချပ်စလုံး မကောင်းဘူးတဲ့"

"ဒါဆိုလည်း တို့ကို ပြောပြပေါ့ကွာ၊ အလုပ်ထွက်လောက်အောင် ကြီးကျယ်တဲ့ကိစ္စမှ မဟုတ်တာ"

"မဟုတ်ဘူး အစ်မရဲ့၊ သူ့ကို သတ်မှာ ကြောက်လို့တဲ့"

"ဟဲ့-ဖလင်ပျက်တာနဲ့ သူ့ကို ဘယ်သူက သတ်မှာမို့လဲ မအေးမှိုရယ်၊ ညည်းကလည်း မဟုတ်ကဟုတ်က၊ ငါအရေးကြီးပါတယ်ဆိုမှ ပေါက်တတ်ကရတွေ လာလုပ်မနေနဲ့၊ နင် အခု သွားခေါ်ချေ"

"တကယ်ပြောတာပါ အစ်မကလည်း၊ ဟိုစစ်တပ်က ဂေါ်ရခါး ဂျမဒါက သတ်မှာတဲ့"

"ဘာရယ်...."

ကျွန်မ နားမလည်ပါ။ စကားက ပြောရင်းနဲ့ အမယ်ဘုတ်ရဲ့ သူ့ချည်ခင်လို ရှင်းမရ ဖြစ်လာပါသည်။

"အစ်မက ဘာမှ မသိဘူး၊ အစ်မ စစ်ဗိုလ်နဲ့ စကားပြောနေတုန်း ဂေါ်ရခါးဂျမဒါက ကိုထွန်းသိုက်ကို သူ့ခါးက ဓားကောက်ကြီးကိုပြပြီး ပြောတယ်

mgyoe.com

mgyoe.com SAMPLE BOOK



တဲ့၊ 'မင်းတို့ ဓာတ်ပုံ ဒီတစ်ခါ ပျက်ရင် မင်းလည်ပင်းကို ဒါနဲ့ လှီးသတ်မယ်၊ ဒီဓားကို ကြည့်ထား၊ မြင်းတွေထုတ် ရစီရတာ ဘယ်လောက် အလုပ်ရှုပ်လဲ' လို့ ပြောလိုက်တာတဲ့၊ ခုဖလင်က ထပ်ပျက်တော့ နောက်တစ်ခါ သွားရိုက်ရင် တကယ်သတ်မှာ အစ်မရဲ့၊ ဂေါ်ရခါးဆိုတာ စိတ်ကြီးပါဘိနဲ့၊ အစ်မလူသစ်ပဲ ရှာပါတော့၊ ကျွန်မလည်း ဒီညနေ ပုသိမ်ကြီးကို သွားတော့မှာ''

အဲဒီ အချိန်ကသာ တစ်စုံတစ်ဦးက ကျွန်မကို ဓာတ်ပုံရိုက်ထားမယ်ဆိုရင် ငို၍ ရယ်၍ မရသောမျက်နှာဆိုတဲ့ ပုံပေါက်နေမှာ သေချာပါရဲ့။

နေ့ခင်းကျရင် စစ်တပ်ကProof ပုံကြမ်းလာယူတော့မည်။ ကျွန်မမှာ ပြစရာ ဘာမှ မရှိတဲ့အပြင် ရက်ချိန်းပြန်တောင်းဖို့ကလည်း မကောင်းတတ်။ စရန်ငွေပဲ ပြန်အမ်းရမည်လား။ တစ်ဦးတည်းသော လုပ်သားကလည်း ထွက်သွားပြီ ဆိုတော့ ဓာတ်ပုံဆိုင်ကြီး တစ်ခုလုံးနှင့် ကျွန်မ တစ်ယောက်တည်း ကျန်ခဲ့သော အဖြစ်။

ဓာတ်ပုံဆိုင်ဖွင့်မိတာ မှားပါပြီဆိုပြီး ကျွန်မမျက်ရည်ကျတော့ ကိုကြီးက နှစ်သိမ့်အားပေးပါသည်။ စောစောပိုင်းတုန်းက ကျွန်မ လုပ်နေသမျှ လက်ပိုက်ထိုင်ကြည့်နေပြီး ဘာတစ်ခုမှ ဝင်မပါပေမယ့် တကယ်စိတ်ပါလက်ပါနှင့်အားကြီးမာန်တက်လုပ်နေတာတွေ့တော့ သူကျေနပ်သည်။ ဓာတ်ပုံဆိုင်ဖွင့်တမ်း ကစားနေတာ မဟုတ်မှန်း သဘောပေါက်သွားပုံ ရပါသည်။

''ဘာလို့ အားငယ်နေရတာလဲ၊ ခုလောက်ဖြစ်အောင် လုပ်နိုင်နေပြီပဲ၊ ကျန်တာရော ဘာဖြစ်လို့ မလုပ်နိုင်ရမှာလဲ၊ ကိုယ့်အားကိုယ်ကိုးနိုင်ဖို့ စဉ်းစား၊ တပည့်ဆိုတာ အခါခပ်သိမ်းအားကိုးလို့ မရဘူးဆိုတာ ဒါသင်ခန်းစာပဲ၊ အမှန်ကို ပြောပြပြီး ဝန်ခံလိုက်၊ ထပ်ရိုက်ပေးပါ့မယ်လို့တောင်းပန်ပြီး ပြောပြပေါ့၊

mgyoe.com

လက်မခံနိုင်ဘူးဆိုတော့လည်း သူတို့ပေးထားတဲ့စရန် ပြန်ပေးလိုက်ရုံပဲပေါ့၊ အလုပ်အသစ်စတယ်ဆိုတာ အမှားတွေ တွေ့မှာပဲ၊ ဒါကို သင်ခန်းစာယူပြီး ကောင်းအောင်လုပ်ဖို့ပဲ၊ သူများလုပ်နိုင်ရင် ငါလည်း လုပ်နိုင်ရမယ်ဆိုတဲ့စိတ်အား မွေးထားမှပေါ့၊ ပြန်ရိုက်ခွင့်ရရင် ကိုယ့်ဟာကိုယ်ပဲ သွားရိုက်၊ ဒါမှ ကိုယ့်အရည်အချင်း ဘယ်လောက်ရှိလဲ သိမှာ၊ စီးပွားရေးလုပ်တယ်ဆိုတာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ထားရတယ်''

ရှည်လျားသော လက်ချာကြီးဖြင့် ကျွန်မကို သွန်သင်ပါသည်။ အားပေးပါသည်။ ဒီတော့ ကျွန်မ စိတ်အားပြန်တက်လာပြီး ဖြစ်သမျှရင်ဆိုင်ရန် အားမွေးလိုက်ပြီး စစ်တပ်က Proof ပုံကြမ်း လာတောင်းတော့ ဖြစ်ကြောင်းကုန်စင်ကို ရှင်းပြပြီး တောင်းပန်ရသည်။ ပြန်ရိုက်ခွင့်ရဖို့ ပြောရပါသည်။ လာယူသည့်သူက မြင်းတွေကိုတန်းစီရသော ဂေါ်ရခါးဂျမဒါမဟုတ်ဘဲ စစ်ဗိုလ်ကိုယ်တိုင်ဖြစ်နေ၍လည်း စားကောက်ကြီးရန်ကုက ကင်းဝေးစွာဖြင့် နောက်တစ်ခါ ပြန်ရိုက်ရန် သဘောတူ လက်ခံသည်ပေါ့။

ပြန်ရိုက်ရမည့်နေ့ကို ရောက်ပါပြီ။ ကျွန်မ မသွားခင် ဘုရားရှိခိုးသည်။ ဘုရားနှင့်တကွ သမ္မာဒေဝနတ်များကို တိုင်တည်ပြီး သစ္စာပြုသည်။ တစ်ပုံတည်းရိုက်ရမည့်ပုံအတွက် လိုလိုမည်မည်ဆိုပြီး ဖလင်လေးချပ်ထည့်သည့် အပြင်၊ ကျွန်မ၏ ရိုလီဖလက်ခ် ကင်မရာကိုပါ အပိုဆောင်းပြီး ယူသွားသည်။ ကျွန်မဘက်က ပြင်ဆင်စရာမှန်သမျှ လိုလေသေးမရှိအောင်လုပ်ပြီး ကျွန်မသူငယ်ချင်း အတူနေသူ 'မခင်စန်း'(Kathleen)နှင့် နှစ်ယောက် သွားကြသည်။

ထုံးစံအတိုင်း မြင်းတွေရော လူတွေပါ တန်းစီကြပြန်သည်။ စားကောက်ကြီးနှင့် ဂေါ်ရခါးဂျမဒါ၏ မျက်နှာက ပုပ်သိုးနေသည်ကို သတိပြုမိပါသည်။

ကျွန်မ သူ့ဆီ တန်းတန်းမတ်မတ်သွားပြီး-

''ခုလို ခဏခဏဒုက္ခပေးရတာဝမ်းနည်းပါတယ်၊ ကျွန်မက ဝါသနာကြီးလွန်းလို့ ဒီအလုပ်ကိုလုပ်တာပါ၊ ပညာရှင်မဖြစ်သေးပါဘူး၊ ဒါကြောင့် အမှားအယွင်းတွေဖြစ်ရတာကို တောင်းပန်ပါတယ်၊ ဒီတစ်ခါ ကျွန်မ ကြိုးစားပြီး လုပ်မှာမို့ အခွင့်အရေးနောက်ဆုံးပေးခြင်းအဖြစ်နဲ့ စိတ်ရှည်ပေးပါ''လို့ အချိုသာဆုံး မျက်နှာနဲ့ သွားတောင်းပန်တော့ သူ့မျက်နှာ နည်းနည်းပျော့ပျောင်းလာပြီး-

''ရပါတယ်၊ ဒီတစ်ခါတော့ မပျက်အောင် အားထုတ်ပါ'' လို့ ပြန်ပြောဖော်ရလို့ ကျွန်မ ရင်အေးသွားရပါသည်။

mgyoe.com

 mgyoe.com SAMPLE BOOK 

အားလုံး အဆင့်သင့်ဖြစ်ပြီဆိုတော့ ကျွန်မ ဖလင်ကိုဖြုန်းပြီး လေးပုံစလုံး အလင်း၊အမှောင်၊ မှန်ဘီလူးအကျဉ်းအကျယ် အမျိုးမျိုးနှင့် ရိုက်ယူပါသည်။ ပို၍ သေချာအောင်လည်း ကင်မရာအသေး ရိုလီဖလက်ခ်နှင့်လည်း ထပ်ပြီး လေးငါးကွက် ဆွဲသည်။ အမြတ်မရချင်နေ၊ ပညာရဖို့က ပိုအရေးကြီးသည် မဟုတ်ပါလား။

ထိုနေ့ည တစ်ညလုံး ကျွန်မအိပ်မရပါ။ ကျွန်မဘဝအတွက် အခက်အခဲ အုတ်တံတိုင်းကြီးကို ဖြတ်ကျော်ရသကဲ့သို့ ကိုယ်လုပ်တာ ဟုတ်၏၊မဟုတ်၏ သိချင်လှပါပြီ။ မိုးကလည်း မလင်းနိုင်သေး။ 'စောင့်ရသောအချိန်များ ပိုကြာသည်' ဆိုတဲ့စကား အမှန်ပါပဲ။

မနက် လေးနာရီ နိုးစက်က မြည်သည်နှင့် အိပ်ရာထဲမှ ခုန်ပေါက်ထပြီး မှောင်ခန်းတွင် ဖလင်တွေကို ဆေးသည်။ ရင်ထဲမှ စိုးထိတ်ရသည်မှာ သေဒဏ်ပေးခါနီး ရာဇဝတ်သားကဲ့သို့များ ဖြစ်လေမလား မသိ။

ချုပ်ဆေးထဲမှ ထုတ်လိုက်သောဖလင်ကို မြင်ရတော့မှ ဘဝင်ကျသွားပါသည်။ ရိုက်ထားသော လေးပုံထဲမှ သုံးပုံကောင်းသည်ဆိုတော့ တော်သေး၏ပေါ့။ ကျွန်မတစ်ယောက်တည်း မှောင်ကြီးမည်းကြီးထဲမှာ ခုန်ပေါက်ပြီး ဝမ်းသာအားရဖြစ်နေဆဲ ဓားကောက်ကြီးရှင် ဂေါ်ရခါးဂျမဒါ၏ မျက်နှာကိုလည်း လှမ်းမြင်လိုက်မိပါ၏။

❑

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

## မေ့အပြစ်နဲ့မေသာရှိပါစေတော့မောင်ရေ

ကျွန်မတွင် အလုပ်သမားမရှိတော့တဲ့အတွက် ဓာတ်ပုံရိုက်ရာမှာ ကိုယ်တိုင် လုပ်နိုင်လို့ ပြဿနာမရှိပေမယ့် ပုံကူး ပုံဆေးဖို့ကျတော့ ပြဿနာဖြစ်ရပါသည်။ လောလောဆယ် အခြေအနေကို ထိန်းနိုင်ဖို့ ကယ်ကင်ရှင် ကိုကျော်ဆိုင်ကိုပဲ ပြေးရသည်ပေါ့။

အဲသည်မှာ

နောက်ထပ် ပြဿနာတစ်ရပ်ကို ထပ်ကြုံရပါသည်။

"ဟ…ကောင်ရ၊ ငါ့ဆီ လာရိုက်နေကျဖောက်သည်တွေက မင်းဆီ ရောက်ကုန်တာကိုး၊ ငါက အလုပ်ပါးသွားပါတယ်၊ ဘယ်လို ဖြစ်တာလဲလို့ တွေးနေမိတာ"

တစ်နေ့ ကျွန်မ အပ်ထားသော ဆိုင်မှ ဓာတ်ပုံများကို သွားယူခိုက် ရဲဝန်ဦးဘခက်၏သမီးများ ဖြစ်ကြသော ခင်လှလှခက်၊ ခင်မမခက်၊ခင်မိမိခက် တို့ ညီအစ်မတစ်တွေ၏ ပုံပေါင်းမြောက်မြားစွာကို ကြည့်ရင်း ကိုကျော်က စကားဆိုပါသည်။

ကျွန်မရင်ထဲ နင့်ခနဲ ဖြစ်သွားပါသည်။ အမှန်တကယ်က ကိုကျော်က ကျွန်မ၏ သင်ဆရာ၊ မြင်ဆရာလည်းဖြစ်၊ ကျွန်မကို အစစအရာရာ ကူညီ

mgyoe.com